ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၁၂)ရက် ၊ စနေနေ့ ၊ (11-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၇၂)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၁၈

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၂၀

**နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လူဦးရေကို အခြေပြု ဆောင်းပါး**


စာမျက်နှာ - ၁၀

# ဇူလိုင် ၁၈ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊

**စာမျက်နှာ ၂၃ ကော်လံ ၁**




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန WRF မော်ဒယ်လ်၏ ဇူလိုင် ၉ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်ထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ။

# မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာ ခွဲစိတ်မွေးဖွား

**နေပြည်တော် ဇူလိုင် ၁၀**



ဇူလိုင် ၄ ရက်က မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ခွဲစိတ်မွေးဖွားခဲ့သော ရင်ချင်းဆက် အမြွှာကလေးများကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်းကျေးရွာနေ ဒေါ်ပပလှိုင် အသက် ၃၂ နှစ်သည် သားဦးအမြွှာကိုယ်ဝန်ဖြင့် လှည်းကူးမြို့ ပြည်သူ့ဆေးရုံ၌ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုခံယူခဲ့ပြီး ကိုယ်ဝန်ဆောင်ကာလ ၃၂ ပတ်ကျော်ချိန်တွင် ရေမြွှာပေါက်ခြင်းကြောင့် ဇူလိုင် ၄ ရက်တွင် လှည်းကူးမြို့ ပြည်သူ့ဆေးရုံမှတစ်ဆင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ဆေးရုံတက်ရောက်ခဲ့ပြီး ယင်းနေ့ ည ၇ နာရီ ၅ မိနစ်တွင် ရင်ချင်းဆက်အမြွှာ မိန်းကလေး နှစ်ဦး (ဝမ်းဗိုက်နေရာမှ ဆက်နေသော Omphalopagus Type)ကို

**စာမျက်နှာ ၂၃ ကော်လံ ၁**

# ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ပုလဲ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ပုလဲမြို့နယ်တွင်နေကြာကေ ၃၂၂၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ပုလဲမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာကေ ၃၂၂၀

**စာမျက်နှာ ၂၄ ကော်လံ ၁**

ရတနာပုံ

၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်

အယ်ဒီတာ့အာဘော်

# လူဦးရေအချက်အလက်နှင့် ဖွံ့ဖြိုးတိုးတက်သောမြန်မာ့အနာဂတ်

တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသည့်ကမ္ဘာ့လူဦးရေပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ၁၉၈၉ ခုနှစ်က ကျင်းပခဲ့သော လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံက ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် ကမ္ဘာတစ်ဝန်း၌ ကျင်းပလျက်ရှိသည်။

ကမ္ဘာ့လူဦးရေနေ့အခမ်းအနားများကို လူဦးရေဆိုင်ရာပြဿနာများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့အကြောင်း လူထုအသိပညာတိုးမြှင့်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၀ ပြည့်နှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်မှာ **"လူဦးရေအချက်အလက်များကို အခြေခံလို့၊ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ကို တည်ဆောက်စို့"** ဖြစ်သည်။

ကမ္ဘာ့လူဦးရေနေ့သည် လူဦးရေဆိုင်ရာ အချက်အလက်များ၏ တန်ဖိုးနှင့် အရေးပါမှုကို လူသားတိုင်းနားလည်သဘောပေါက်ကာ မှန်ကန်သော အချက်အလက်များ ပံ့ပိုးပေးရေး၊ စာရင်းအင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရေးနှင့် အချက်အလက်အခြေပြု ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ အားပေးဆောင်ရွက်ကြမည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသော နိုင်ငံ့အနာဂတ်ကို တည်ဆောက်နိုင်မည်ဆိုသော အသိကို ထင်ဟပ်စေသည့်နေ့တစ်နေ့ပင်ဖြစ်သည်။

လူဦးရေဆိုင်ရာအချက်အလက်ဆိုသည်မှာ ကိန်းဂဏန်းများသက်သက် မဟုတ်ဘဲ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ပေးနိုင်သည့် အရေးပါသော အချက်အလက်များဖြစ်သည်။ နိုင်ငံတိုင်း၏ အစိုးရများအနေဖြင့် စာသင်ကျောင်းများ တည်ဆောက်ခြင်း၊ ဆေးရုံ၊ ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့တွင် လူဦးရေအချက်အလက်များကို အခြေခံ၍ စီမံကိန်းများ ချမှတ်ဆောင်ရွက်ရသည်။ မှန်ကန်သော လူဦးရေအချက်အလက်များရရှိမှသာ လိုအပ်သောနေရာများသို့ အရင်းအမြစ်များကို ထိထိရောက်ရောက် ခွဲဝေသုံးစွဲနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ နိုင်ငံ့စုစုပေါင်း လူဦးရေမှာ ၅၁ ဒသမ ၄၉ သန်းရှိပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေသည် ၅၁ ဒသမ ၃၁ သန်း ကျော်ရှိသဖြင့် နိုင်ငံ့လူဦးရေသည် အနည်းငယ်မျှလျော့ကျလာသည်။ ထိုသို့ဖြစ်ရခြင်းမှာ မွေးဖွားနှုန်းကျဆင်းခြင်း၊ ရွှေ့ပြောင်းသွားလာမှုမြင့်မားလာခြင်းနှင့် မိသားစုပုံစံများ ပြောင်းလဲလာခြင်းတို့ကြောင့်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံသည် လက်ရှိမှာ အလုပ်လုပ်နိုင်သော လူငယ်လူရွယ်ဦးရေသည် များပြားနေသဖြင့် လူဦးရေဆုလာဘ်ရရှိနေဆဲကာလဟု ဆိုနိုင်သည်။

လက်ရှိတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူကိုဗဟိုပြု၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်နိုင်ရေးအတွက်က သန်းခေါင်စာရင်းကောက်ယူခြင်းမှ ဖော်ထုတ်ရရှိသည့်တိကျမှန်ကန်သည့် လူဦးရေကိန်းဂဏန်းအချက်အလက်များကို အခြေခံကာ လိုအပ်သည့်စီမံကိန်းများ၊ မူဝါဒများ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ လူဦးရေသည် နိုင်ငံတစ်နိုင်ငံ၏ အဖိုးတန်အရင်းအမြစ်ဖြစ်ပြီး တိကျမှန်ကန်သော လူဦးရေအချက်အလက်များသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးတို့အတွက် အရေးပါသည်ကို လူသားတိုင်း သိမြင်နားလည်စေသည့် ယနေ့ကျရောက်သော ကမ္ဘာ့လူဦးရေနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မလှိုင်မြို့နယ် ငါးတပုံ(မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန်ရည်ရွယ်၍ ငါးတပုံ (မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၆၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငါးတပုံ(မ)ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို ရန်ပုံငွေကျပ် ၅၄ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဓာတ်အားထုတ်လုပ်မှုရပ်နားခဲ့သည့် ဝက်ဝံကျေးရွာရှိဝက်ဝံရေအားလျှပ်စစ်စက်ရုံသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှုစစ်ဆေး



**မန္တလေး ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့မှ ၁၃ မိုင်အကွာ မန္တလေး-လားရှိုးလမ်းပေါ် ဝက်ဝံကျေးရွာအရှေ့ဘက် မြင်းဇင်းကြိုးပြင် ကာကွယ်တောရှိ ဓာတ်အားထုတ်လုပ်မှု ရပ်နားခဲ့သည့် ဝက်ဝံရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ကို တာဝန်ရှိသူများက ၁၉၃၃ ခုနှစ်တွင် ၂၂၅ ကီလိုဝပ်ရှိ စက်အမှတ်(၁)၊ ၁၉၃၉ ခုနှစ်တွင် ၂၂၅ ကီလိုဝပ်ရှိ စက်အမှတ်(၂) တို့ကို တပ်ဆင်ခဲ့ပြီး တစ်လပျှမ်းမျှ အများဆုံး ယူနစ် ၆၇၀၈၀၊ အနည်းဆုံး ယူနစ် ၂၆၆၈၀ ထုတ်လုပ်နိုင်ခဲ့မှု၊ ဗို့ ၄၀၀ ဓာတ်အားလိုင်းထွက်ရှိပြီး (၀.၄/၁၁) ကေဗွီ ၃၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးဖြင့် ၁၁ ကေဗွီ ဝက်ဝံလိုင်းပေါ် ဓာတ်အားရောက်ရှိပြီး ပိတ်ချင်းမြောင်ဘုရားသို့ ၂၄ နာရီ ဓာတ်အားပေးထား၍ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ပါက ဝက်ဝံစက်ရုံအနီး ပတ်ဝန်းကျင်ရှိ ကျေးရွာများနှင့် ကိုယ်ပိုင်ထရန်စဖော်မာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားခဲ့မှု၊ စက်ရုံလည်ပတ်နိုင်ရန်အတွက် မြေသားရေသွယ်မြောင်းပေအရှည် ၁ ဒသမ ၅ မိုင်ခန့်ရှိပြီး ကာလရွေ့လျားလာသည်နှင့်အမျှ ရေစီးဆင်းမှုလျော့နည်းလာခြင်း၊ အဆိုပါ ရေသွယ်မြောင်းကို ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများမှ စိုက်ပျိုးမြေများအတွက် ဆက်သွယ်အသုံးပြုနေသဖြင့် လုံလောက်သော ရေပမာဏ မရှိလာခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ်ထိသာ ဓာတ်အားထုတ်လုပ် ပေးနိုင်ခဲ့ပြီးနောက် စက်များရပ်နားထားခဲ့ရမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၁၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မင်းကင်း ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၁၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၃၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၂၁၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးထားပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ GAP နည်းစနစ်နှင့် စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# သာစည်မြို့နယ် ရေပေါင်းဆုံကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သာစည် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေပေါင်းဆုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ရေပေါင်းဆုံကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အုတ်ဖိုမြို့နယ် လွှစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွှစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၀ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လွှစင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သည့်စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၃ ဦးကို ရန်ပုံငွေကျပ် ၆၀ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၁၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၁၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၆၄၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၁၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ စပါးဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက် ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ **(၂၀၆)**

# ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးအသိပညာပေးဟောပြော

**ငါန်းဇွန် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ငါန်းဇွန်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင် ၉ ရက် နံနက်ပိုင်းက ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမ ဒေါ်သိမ့်သိမ့်မြင့်အောင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာများ စားသုံးကြရန်လိုကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် သူနာပြုဆရာမ ဒေါ်သိမ့်သိမ့်မြင့်အောင် ဦးဆောင်သော ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ခြေသည်းလက်သည်းများ စစ်ဆေးခြင်း၊ လည်ပင်းကြီးရောဂါ၊ အရေပြားရောဂါများ ရှိ၊ မရှိ၊ မျက်စိဝေဒနာ ရှိ၊ မရှိ စစ်ဆေးပေးခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ သွားရောဂါဌာနမှ ဒေါက်တာဇင်မင်းထက်က KG နှင့် Grade -1 မှ ကျောင်းသား၊ ကျောင်းသူများကို သွားကျန်းမာရေးနှင့်ပတ်သက်၍အသိပညာပေး ဟောပြောခဲ့သည်။ **ကိုကိုနိုင်**

# ပခုက္ကူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပခုက္ကူ ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပခုက္ကူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ပခုက္ကူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများကို တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ပခုက္ကူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပခုက္ကူမြို့နယ်က ထွက်ရှိတဲ့ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဇီယာဆန်ကို ရန်ကုန်ဈေးကွက်က အခုဇူလိုင်လထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ လတ်တလောအနေနဲ့ ဇီယာဆန်က အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ အခုလို ဇီယာဆန်တွေ အရောင်းအဝယ်ကောင်းမွန်လာလို့ တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်" ဟု ပခုက္ကူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ပခုက္ကူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ်၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဇီယာဆန်များ တင်ပို့ရောင်းချနေရခြင်းကြောင့် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း ပခုက္ကူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ဗိုလ်စားပဲနှင့်ကျန်းမာရေး

**ဒေါက်တာလပြည့်ခင်**

**ဗိုလ်စားပဲ (Green Bean)**

ဗိုလ်စားပဲသည် စားဖိုဆောင်ဟင်းသီးဟင်းရွက်များတွင် ပါဝင်ပြီး ပဲစင်းငုံ၊ ပဲတီစိမ်းတို့နှင့် မျိုးရင်းတူသည်။ ဗိုလ်စားပဲသည် ကျန်းမာရေးအတွက် အထောက်အကူပြုသော်လည်း ဆိုးကျိုးအနည်းငယ်ရှိသည်။

ဗိုလ်စားပဲ၏ မူလဇာတိဇာစ်မြစ်သည် အလယ်အမေရိက၊ တောင်အမေရိကတို့ဖြစ်သည်။ ဗိုလ်စားပဲကို ကမ္ဘာတစ်ဝန်းလုံးတွင်စိုက်ပျိုးကြပြီး တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဥရောပနိုင်ငံအချို့တွင် အဓိက အများဆုံးစိုက်ပျိုးထုတ်လုပ်သည်။ မြန်မာနိုင်ငံတွင် ဗိုလ်စားပဲကို ရာသီမရွေးစိုက်ပျိုးနိုင်သော်လည်း အအေးဓာတ်ရသည့် ဆောင်းရာသီတွင် အောင်မြင်ဖြစ်ထွန်းမှု အကောင်းဆုံးဖြစ်သည်။ ရှမ်းပြည်နယ်၊ ပြင်ဦးလွင်၊ ကချင်ပြည်နယ် စသည့် အေးမြသောကုန်းမြင့်ဒေသများတွင် အများဆုံးစိုက်ပျိုးကြသကဲ့သို့ ဆောင်းရာသီတွင် မြေလတ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသအချို့တွင်လည်း စိုက်ပျိုးကြသည်။ မြန်မာပြည်အနှံ့အပြားနှင့် ကမ္ဘာအနှံ့အပြားတွင် စိုက်ပျိုးသည်။

**ဗိုလ်စားပဲ၏ အာဟာရတန်ဖိုး**

ဗိုလ်စားပဲသည် ကယ်လိုရီပါဝင်မှုနည်းပြီး ဗီတာမင်နှင့်သတ္တုဓာတ်များ အလွန်ကြွယ်ဝသည့် ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။ ဗိုလ်စားပဲ ၁၀၀ ဂရမ်တွင် ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် အလွန်သင့်လျော်သောပမာဏဖြစ်သည့် ၃၁ ကယ်လိုရီခန့်ပါဝင်ပြီး ရေဓာတ် ၉၀ ရာခိုင်နှုန်းခန့်၊ အမျှင်ဓာတ် ၂ ဒသမ ၇ ဂရမ်နှင့် ဗီတာမင်စီ၊ ဗီတာမင်အေ၊ ဗီတာမင်ကေနှင့် ဖောလစ်အက်စစ်နှင့် သတ္တုဓာတ်များဖြစ်သည့် ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ သံဓာတ်နှင့် ကယ်လ်စီယမ်ဓာတ်စသည်ဖြင့် အာဟာရဓာတ်မျိုးစုံပါဝင်သည်။

**ကိုယ်အလေးချိန်ထိန်းနိုင်ခြင်း**

ကယ်လိုရီနည်းသောဗိုလ်စားပဲကိုစားသုံးပြီးပါက ဗိုက်တင်းစေပြီး အစာစားချင်စိတ်ကို လျော့စေသောကြောင့် ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် အထူးကောင်းမွန်သော ကိုယ်အလေးချိန်ထိန်းညှိနိုင်သည့်အစားအစာတစ်မျိုးဖြစ်သည်။

**နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း**

ဗိုလ်စားပဲတွင် ကိုလက်စထရော လုံးဝမပါဝင်သည့်အပြင် အမျှင်ဓာတ်ကြွယ်ဝမှုကြောင့် သွေးတွင်းရှိ မကောင်းသည့်ကိုလက်စထရောကိုလျှော့ချပေးပြီး သွေးဖိအားထိန်းညှိနိုင်ကာ နှလုံးရောဂါဖြစ်နိုင်ခြေကို လျော့နည်းစေသည်။ အစာခြေမြန်ပြီး အဆီမတက်လွယ်သောကြောင့် နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်းဖြစ်သည်။

**ပရိုတင်းမြင့်မားခြင်း**

ဗိုလ်စားပဲတွင် ပရိုတင်းဓာတ် မြင့်မားစွာပါဝင်သောကြောင့် ခန္ဓာကိုယ်ကြွက်သားများတည်ဆောက်ရာတွင်ကူညီပေးပြီး အပင်ထဲက အသားဓာတ်ရသကဲ့သို့ဖြစ်သဖြင့် သက်သတ်လွတ်စားသူများအတွက် ကောင်းမွန်သည့်ဟင်းလျာတစ်ခွက်ဖြစ်သည်။

**အရိုးအဆစ်များကို သန်မာစေခြင်း**

ဗိုလ်စားပဲတွင် ဗီတာမင်ကေနှင့် ကယ်လ်စီယမ်ပါဝင်မှုမြင့်မားခြင်းကြောင့် အရိုးသိပ်သည်းဆကို ကောင်းမွန်စေပြီး အရိုးပွရောဂါမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။



**ကြွက်သားတည်ဆောက်မှုကို ကူညီနိုင်ခြင်း**

ဗိုလ်စားပဲတွင် ပရိုတင်းဓာတ်မြင့်မားစွာပါဝင်သောကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်သည့် ပရိုတင်းဓာတ်ကိုဖြည့်တင်းပေးပြီး ခန္ဓာကိုယ်၏ ကြွက်သားတည်ဆောက်မှုအပိုင်းကို ပြည့်ဝစွာ ကူညီပေးနိုင်သည်။

**အစာခြေစနစ်ကို အားကောင်းစေခြင်း**

ဗိုလ်စားပဲတွင် အမျှင်ဓာတ်များစွာပါဝင်မှုကြောင့် ဝမ်းချုပ်မှုကိုကာကွယ်ပေးပြီး အူလမ်းကြောင်းသန့်ရှင်းစေကာ အစာခြေစနစ်ကို အားကောင်းစေသည်။ အစာခြေမြန်ပြီး အဆီမတက်လွယ်သောကြောင့် နှလုံးကျန်းမာရေးကို ကောင်းမွန်စေသည်။

**သွေးအားကောင်းစေခြင်း**

ဗိုလ်စားပဲတွင် သံဓာတ်ပါဝင်သောကြောင့် သွေးအားနည်းမှုကိုကာကွယ်ပေးနိုင်ပြီး မောပန်းလွယ်သူများအတွက် ကောင်းမွန်သောအစာဖြစ်သည်။

**ဦးနှောက်နှင့် အာရုံကြောအားကောင်းစေခြင်း**

ဗိုလ်စားပဲတွင် ဗီတာမင်ဘီအုပ်စု ပါဝင်သောကြောင့် စိတ်ကိုလန်းဆန်းစေပြီး ဦးနှောက်နှင့် အာရုံကြောကျန်းမာရေးကောင်းမွန်စေနိုင်သည်။

**ကိုယ်ခံအားမြှင့်တင်ပေးခြင်း**

ဗိုလ်စားပဲတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါဝင်သောကြောင့် ရောဂါကူးစက်မှုမှ ကာကွယ်ပေးပြီး ကိုယ်ခံအားကို မြှင့်တင်ပေးနိုင်သည်။

**ဆီးချိုရောဂါထိန်းချုပ်ပေးနိုင်ခြင်း**

ဗိုလ်စားပဲသည် Glycemic Index (GI) နည်းပါးသည့်အစားအစာဖြစ်သောကြောင့် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက်မြင့်တက်မသွားအောင် ထိန်းညှိပေးနိုင်သည်။

**ကိုယ်ဝန်ဆောင်မိခင်များနှင့် သန္ဓေသားအတွက် ကောင်းမွန်စေခြင်း**

ဗိုလ်စားပဲတွင် ဖောလစ်အက်စစ်ကြွယ်ဝစွာပါဝင်မှုကြောင့် ကိုယ်ဝန်ဆောင်မိခင်များ စားသုံးပေးခြင်းဖြင့် သန္ဓေသား၏ဦးနှောက်နှင့် အာရုံကြောဖွံ့ဖြိုးမှုအတွက် အထူးကောင်းမွန်သည်။

**ရောဂါရှိသူများသတိထားရသော ဗိုလ်စားပဲသီး**

ဗိုလ်စားပဲအပါအဝင် ပဲအမျိုးအစားအများစုတွင် Purine(ပန်းရွှေရည်ဓာတ်) ပါဝင်မှုမြင့်မားတတ်သည်။ ခန္ဓာကိုယ်ထဲတွင် Purine ဓာတ်များ များလာသည့်အခါ ယူရစ်အက်စစ်အဖြစ် ပြောင်းလဲသွားပြီး အဆစ်အမျက်ကိုက်ခဲစေသည်။ သာမန်လူများအတွက် ပြဿနာမရှိသော်လည်း ဂေါက်ရောဂါရှိသူများတွင် သွေးတွင်းယူရစ်အက်စစ်မြင့်မားစေသောကြောင့် အဆစ်အမျက်ကိုက်ခဲတတ်သူများအနေဖြင့် ဗိုလ်စားပဲသီးကို အလွန်အကျွံမစားသင့်ပေ။ ခန္ဓာကိုယ်ထဲတွင် Oxalate ဓာတ် ပုံမှန်ထက်များလာပါက ကျောက်ကပ်တွင် ကျောက်တည်ခြင်းကို ဖြစ်စေနိုင်သောကြောင့် ကျောက်ကပ်တွင် ကျောက်တည်ဖူးသူများ သို့မဟုတ် ကျောက်ကပ်အားနည်းသူများအနေဖြင့် Oxalate ဓာတ်အနည်းငယ်ပါဝင်သော ဗိုလ်စားပဲသီးကို အတိုင်းအတာတစ်ခုထိ ဆင်ခြင်စားသုံးရမည်ဖြစ်သည်။ ဗိုလ်စားပဲသီးတွင် သွေးခဲစနစ်ကို ကူညီပေးသည့်သဘာဝရှိသော ဗီတာမင်ကေကြွယ်ဝစွာပါဝင်သောကြောင့် နှလုံးရောဂါ သို့မဟုတ် သွေးကြောပိတ်ရောဂါကြောင့် သွေးကျဲဆေး(ဥပမာ- Warfarin) ပုံမှန်သောက်နေရသူများအနေဖြင့် ဗီတာမင်ကေပါဝင်သည့် ဗိုလ်စားပဲသီးအပါအဝင် အခြားအစားအစာများကို တစ်ရက်တည်းဖြင့် အများကြီးစားသုံးမိပါက ဆေး၏အာနိသင်ကို လျော့နည်းစေနိုင်သည်။

**စားသုံးမှုဆိုင်ရာ သတိပြုရန်အချက်**

ဗိုလ်စားပဲသီးအစိမ်းတွင် လက်တင်ဟုခေါ်သည့် ပရိုတင်းတစ်မျိုးပါဝင်သောကြောင့် အစိမ်းလိုက် အလွန်အကျွံစားခြင်း သို့မဟုတ် မကျက်တကျက်စားသုံးခြင်းဖြင့် ဗိုက်ပွခြင်း၊ လေအောင့်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ မအီမသာဖြစ်ခြင်း၊ ပျို့အန်ခြင်းတို့ကို ဖြစ်ပွားစေနိုင်သဖြင့် ဗိုလ်စားပဲသီးကို အစိမ်းအတိုင်းအလွန်အကျွံမစားသင့်ပေ။ ထို့ကြောင့် ဗိုလ်စားပဲသီးကို မချက်မီရေစိမ်ထားလျှင် ပိုမိုကောင်းမွန်ခြင်း၊ သန့်ရှင်းစွာချက်ပြုတ်စားသုံးခြင်းဖြင့် လေပွစေသည့်ဓာတ်များကို လုံးဝပျက်ပြယ်စေကာ အရသာအကောင်းဆုံးနှင့် အန္တရာယ်အကင်းဆုံးဖြစ်စေမည်ဖြစ်သည်။

**ဗိုလ်စားပဲ အနှစ်ချုပ်**

ဗိုလ်စားပဲသည် ပရိုတင်းဓာတ်မြင့်မားပြီး အခြားအာဟာရနှင့် သတ္တုဓာတ်များပါဝင်သောကြောင့် အစာခြေမြန်ပြီး အဆီမတက်လွယ်ခြင်း၊ သွေးဖိအားကို ထိန်းညှိပေးနိုင်ခြင်း၊ နှလုံးကျန်းမာရေးကောင်းမွန်စေခြင်း၊ အရိုးအဆစ်သန်မာစေခြင်း၊ ခန္ဓာကိုယ်ကြွက်သားတည်ဆောက်ရာတွင် ကူညီနိုင်ခြင်း၊ ကိုယ်ခံအားမြှင့်တင်ပေးနိုင်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောကျန်းမာရေးကောင်းမွန်စေခြင်း၊ သွေးအားနည်းမှုကို ကာကွယ်နိုင်ခြင်း၊ ဆီးချိုကာကွယ်နိုင်ခြင်း၊ ကိုယ်အလေးချိန်လျှော့ချနိုင်ခြင်း စသည်ဖြင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာ ရရှိနိုင်သည့် အာဟာရပြည့်ဝသည့် အသီးအနှံတစ်မျိုးဖြစ်သောကြောင့် နေ့စဉ်စားသုံးနေကျ ဟင်းတစ်ခွက်အနေဖြင့် ပုံမှန်အတိုင်း ချက်ပြုတ်စားသောက်မည်ဆိုပါက မည်သည့်ဆိုးကျိုးမျှမရှိဘဲ ကျန်းမာရေးကို များစွာ အထောက်အကူပြုပြီး ဂေါက်ရောဂါ၊ ကျောက်ကပ်ရောဂါကဲ့သို့ ရောဂါအခံရှိသူများအနေဖြင့်သော်လည်းကောင်း၊ အစိမ်းအတိုင်း ပမာဏအများအပြားစားသုံးမည့်သူများအနေဖြင့် သော်လည်းကောင်း ချင့်ချိန်စားသုံးပေးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ခင်ဦး ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၆၈၂၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၇၀၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မြေပဲကေ ၄၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၇၀၄၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ကုန်ကျစရိတ် ငွေကျပ် နှစ်သိန်းကျော်ရှိကြောင်း၊ မြေပဲတစ်ကေ စိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင် တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၄၆၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်းမြို့နယ်တွင် ဝါသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ရာ ဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

**စစ်ကိုင်း ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၄၆၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၁၆၈၂၂ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၆၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဝါသီးနှံ ကေ ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၆၉၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ဝါသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ တောင်သူတွေ လွယ်ကူစွာစိုက်ပျိုးရာသီအမီစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးသွားမှာပါ"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ပဲနံ့သာကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဝမ်းတွင်း ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲနံ့သာကျေးရွာအုပ်စု ပဲနံ့သာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက စီမံကိန်း ရည်ရွယ်ချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်လုပ်ကိုင်နိုင်မည့်ကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှု၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# စိတ်နေမြင့်သူ

\- ယုံကြည်ရာ ခံယူချက်က
ပျံတက်မည့် မြားအသွင်၊
သံမဏိလို စိတ်အသွေး
စွေးစွေးပီပြင်၊
ဖွဲလို့လနဲ့ မာန်စစ်ဆင်
စံဖြစ်ချင် လူ့နယ်ထဲ၊
ရှေ့သို့သာ ရွက်ကုန်လွှင့်လို့
စိတ်မြင့်ကို ဆွဲ။

\- လောကစံ ညီမည်းမည်း
ကြိုလည်းပဲ မှုမနေ၊
ကိုယ်လိုရာ ပန်းတိုင်တွက်
ဆက်လှမ်းခဲ့ပေ၊
ရဲရင့်မှု ပြယုဂ်တွေ
စိတ်သန္ဓေက ပုံဖော်ပေး၊
နန်းမြိုင်ဇမ္ဗူမှာ
စွမ်းနိုင်သူ လူတစ်ယောက်မို့
ထွန်းပေါက်တယ်လေး။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

# သနပ်ပင်မြို့နယ် တောဘုတ်စုကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောဘုတ်စုကျေးရွာအုပ်စု တောဘုတ်စုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းရန်ပုံ ငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၄၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၂၇၈ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၅၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၆၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင်ခံခွက် မမေ့နှင့်




# ယူကရိန်းစစ်ရေးပဋိပက္ခကို ရုရှား အရှိန်မြှင့်တင်လာနိုင်ခြေရှိ

**မော်စကို ဇူလိုင် ၁၀**

ယူကရိန်းအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် တောင်းဆိုတိုက်တွန်းမှုများကို ရုရှားသမ္မတပူတင်က ငြင်းပယ်ထားကြောင်း ရုရှားအစိုးရ သတင်းအရင်းအမြစ်များက မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ငါးနှစ်တာကာလအတွင်း ဝင်ရောက်လာပြီဖြစ်သော ယူကရိန်းစစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သံတမန်ရေးအရ ကြားဝင်ကြိုးပမ်းနေချိန်တွင် ရုရှားသမ္မတပူတင်အနေဖြင့် ယူကရိန်းစစ်ရေးပဋိပက္ခကို အရှိန်မြှင့်တင်လာနိုင်ခြေရှိကြောင်း ရုရှားအစိုးရသတင်းအရင်းအမြစ်များက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၏ ရေနံလုပ်ငန်းအခြေခံ အဆောက်အအုံများနှင့် ဆိပ်ကမ်းများကို ယူကရိန်းနိုင်ငံက မောင်းသူမဲ့ ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် ယူကရိန်းစစ်ရေးပဋိပက္ခကို ဆက်လက်တိုက်ခိုက်ရန် သမ္မတ ပူတင်၏ ဆုံးဖြတ်ချက် ပိုမိုခိုင်မာလာကြောင်း သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ထို့ပြင် သတင်းအရင်းအမြစ်များ၏အဆိုအရ သမ္မတ ပူတင်အနေဖြင့် လာမည့်လများအတွင်း ယူကရိန်းစစ်ရေးပဋိပက္ခကို အရှိန်မြှင့်တင်လာနိုင်ခြေ ရှိကြောင်း သိရသည်။

သမ္မတပူတင် အနေဖြင့် ယူကရိန်းစစ်ရေးပဋိပက္ခကို အဆုံးသတ်ရန် ဆန္ဒရှိနေပြီး ယူကရိန်းစစ်ရေးပဋိပက္ခကို အဆုံးသတ်ပေးမည့် အဖြေတစ်ရပ်မှာလည်း အများ ထင်ထားသည်ထက်ပို၍ နီးစပ်လာပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇွန် ၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

# ချူကလီးယားတပ်များ အားကောင်းရေးလုပ်ငန်းအစီအမံများ အကောင်အထည်ဖော်ရန် မြောက်ကိုရီးယားဆုံးဖြတ်



**ပြုံယမ်း ဇူလိုင် ၁၀**

နျူကလီးယား တပ်ဖွဲ့များကို အရေးအတွက်သာမက အရည်အသွေးပါ ခိုင်မာစွာတည်ဆောက်ရေးလုပ်ငန်း အစီအစဉ်များ ချမှတ် အကောင်အထည်ဖော်ရန် မြောက်ကိုရီးယားနိုင်ငံက ဆုံးဖြတ်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လက်နက်ကိုင်တပ်များ ခေတ်မီရေးအတွက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က တိုက်တွန်းခဲ့ပြီးနောက် ကေစီအင်န်အေသတင်းဌာန၏ အဆိုပါ သတင်းထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

နျူကလီးယား တပ်များကို အရေအတွက်သာမက အရည်အသွေးပါ မြှင့်တင်ရေးလုပ်ငန်းအစီအမံများကို ချမှတ်အကောင်အထည်ဖော်ရန် မြောက်ကိုရီးယား အလုပ်သမားပါတီ ဗဟိုစစ်ကော်မရှင်အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား၏ လုံခြုံရေးနှင့် စစ်မှန်သောငြိမ်းချမ်းရေးတို့ကို အင်အားခိုင်မာသော စစ်ရေးစွမ်းရည်ကို တည်ဆောက်ခြင်းဖြင့်သာ အာမခံချက်ပေးနိုင်ကြောင်း ဇူလိုင် ၉ ရက်တွင် ကျင်းပခဲ့သည့် အလုပ်သမားပါတီ ဗဟိုစစ်ကော်မရှင်အစည်းအဝေး၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားထားသည်။

အလုပ်သမားပါတီ ဗဟိုစစ်ကော်မရှင် အစည်းအဝေး၌ နျူကလီးယားတပ်ဖွဲ့ တိုက်ပွဲဝင်စနစ် အခြေခံအဆောက်အအုံများကို အသစ်ပြင်ဆင်ရန်၊ ချဲ့ထွင်ရန်၊ အားကောင်းစေရန် အစီအစဉ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြောက်ကိုရီးယား တပ်မတော်၏ အထွေထွေ ထောက်လှမ်းရေးဗျူရို၏ အခန်းကဏ္ဍကိုချဲ့ထွင်ရန်လည်း ဗဟိုစစ်ကော်မရှင် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန်ဆက်လက်တိုက်ခိုက်

**ဝါရှင်တန် ဇူလိုင် ၁၀**

အမေရိကန် တပ်မတော်သည် ဇူလိုင် ၉ ရက်တွင် အီရန်စစ်ရေးပစ်မှတ်များကို တတိယမြောက်နေ့အဖြစ် ဆက်လက်တိုက်ခိုက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇူလိုင် ၉ ရက်တွင် အီရန်နိုင်ငံတစ်ဝန်းရှိ စစ်ရေးပစ်မှတ် ၉၀ ကို တိုက်ခိုက် ဖျက်ဆီးခဲ့ကြောင်း အမေရိကန်တပ်မတော် အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

မဟာဗျူဟာမြောက် ဟော်မုဇ် ရေလက်ကြားအတွင်း ရေကြောင်းသွားလာမှုများကို အီရန်နိုင်ငံက ခြိမ်းခြောက်နိုင်စွမ်း လျှော့ချရေးအတွက် စစ်ရေးအရ တိုက်ခိုက်မှုများ ထပ်မံပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တပ်မတော် အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဟော်မုဇ် ရေလက်ကြားသည် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်စစ်ရေးပဋိပက္ခ မစတင်မီကာလက ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်း ပို့မှန်ဖြတ်သန်းနေသည့် ရေလက်ကြားဖြစ်သည်။

သို့ရာတွင် အီရန်စစ်ရေးပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီးနောက် အီရန်နိုင်ငံက ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ခဲ့ရာကမ္ဘာ့ရေနံဈေးကွက်သို့ ရေနံစိမ်းဝင်ရောက်မှု လမ်းကြောင်းများ ပြတ်တောက်ခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများကြောင့် ဇွန် ၁၇ ရက်တွင် ရယူထားသည့် အချက် ၁၄ ချက်ပါ အီရန်စစ်ရေး ပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက် ပျက်ပြားသွားနိုင်ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# တရုတ်နိုင်ငံ၌ ဖိနပ်စက်ရုံမီးလောင်မှုဖြစ်ပွား လူ ၂၈ ဦးသေဆုံး၊ ၂၁၃ ဦး ကယ်ထုတ်နိုင်ခဲ့

**ပေကျင်း ဇူလိုင် ၁၀**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန်းပြည်နယ် ဖိနပ်စက်ရုံတစ်ရုံ၌ ဇူလိုင် ၉ ရက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၈ ဦး သေဆုံးခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သော ဟွီတန်းဖိနပ်စက်ရုံမှာ ဖူကျန်းပြည်နယ် ကျင်းကျန်မြို့၌ တည်ရှိကြောင်း သိရသည်။

မီးလောင်မှု စတင်ဖြစ်ပွားချိန်တွင် ဟွီတန်း ဖိနပ်စက်ရုံအတွင်း အလုပ်သမား ဦးရေ ၂၄၀ ကျော်ရှိနေကြောင်း တရုတ် တာဝန်ရှိသူများက ပြောကြားထားသည်။

မီးလောင်မှုကြောင့် လူ ၂၈ ဦး သေဆုံးခဲ့ပြီး ၂၁၃ ဦးကို ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖိနပ်စက်ရုံမီးလောင်မှုအတွက် စစ်ဆေးဖော်ထုတ်၍ ထိထိရောက်ရောက်အရေးယူရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က တာဝန်ရှိသူများကို ညွှန်ကြားထားသည်။

ကျင်းကျန်မြို့သည် တရုတ်နိုင်ငံ၏ ဖိနပ်နှင့် အဝတ်အထည် အဓိကထုတ်လုပ်ရာ မြို့ဖြစ်ပြီး တရုတ်နိုင်ငံ၏ ဖိနပ်မြို့တော်အဖြစ် ရည်ညွှန်းခံရလေ့ရှိသော မြို့ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# အကျဉ်းသားဦးရေများပြားမှုကိုဖြေရှင်းရန် သီရိလင်္ကာအစိုးရ ကြိုးပမ်းနေ

**ကိုလံဘို ဇူလိုင် ၁၀**

သီရိလင်္ကာအစိုးရသည် အကျဉ်းထောင်များ၌ အကျဉ်းသားဦးရေများပြားမှုကို ဖြေရှင်းရေးအတွက် ကြိုးပမ်းနေကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။




နီဂွမ်ဘိုမြို့ အကျဉ်းထောင်တစ်ခု၌ လူ ၂၈ ဦး သေဆုံးခဲ့သည့် အကျဉ်းထောင်ရန်ပွဲတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် အကျဉ်းထောင်များ၌ အကျဉ်းသားဦးရေ များပြားမှုကို ဖြေရှင်းရန် သီရိလင်္ကာအစိုးရက ကြိုးပမ်းနေခြင်းဖြစ်သည်။

နီဂွမ်ဘိုမြို့ အကျဉ်းထောင်၌ ဇွန် ၅ ရက်နှင့် ၆ ရက်တို့တွင် နှစ်ရက်ကြာ ဖြစ်ပွားခဲ့သော အကျဉ်းသားအုပ်စု နှစ်ခုကြားရန်ပွဲအတွင်း အကျဉ်းသားဦးရေ ၂၀ နှင့် အကျဉ်းထောင်ဝန်ထမ်း ရှစ်ဦး သေဆုံးခဲ့သည်။

အဆိုပါ အကျဉ်းထောင်ရန်ပွဲ၏ အဓိကအကြောင်းရင်းမှာ အကျဉ်းထောင်များ၌ အကျဉ်းသားဦးရေ လွန်ကဲများပြားမှုကြောင့် ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားထားသည်။

နီဂွမ်ဘိုမြို့ အကျဉ်းထောင်သည် အကျဉ်းသားဦးရေ ၆၅၀ ခန့်သာ လက်ခံနေရာ ပေးနိုင်သော်လည်း အကျဉ်းထောင်ရန်ပွဲဖြစ်ပွားချိန်တွင် အကျဉ်းသားဦးရေ ၂၄၀၀ ခန့်ထိ လက်ခံထားကြောင်း သီရိလင်္ကာ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

သီရိလင်္ကာနိုင်ငံ တစ်နိုင်ငံလုံးတွင် အကျဉ်းထောင် ၂၂ ခု ရှိပြီး အကျဉ်းသားဦးရေ ၄၁၀၀၀ ခန့်ထိ ထိန်းသိမ်းထားရာ လက်ခံနိုင်သည့် ဦးရေထက် ရာခိုင်နှုန်း လေးဆခန့် ပိုများနေကြောင်း သိရသည်။

အကျဉ်းသားဦးရေလွန်ကဲမှုကို ဖြေရှင်းရေးအတွက် သီရိလင်္ကာနိုင်ငံသည် ကိုလိုနီခေတ် အကျဉ်းထောင်ဟောင်းတစ်ခုကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့် ပင်မဒုံးယာဉ်ကို ၃၆ ကြိမ်မြောက်အဖြစ် အသုံးပြုနိုင်ခဲ့



**ဝါရှင်တန် ဇူလိုင် ၁၀**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဇူလိုင် ၉ ရက် စတားလင့်ခ်မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံပထမအဆင့် ပင်မဒုံးယာဉ်ကို ၃၆ ကြိမ်မြောက် အဖြစ် အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ဇူလိုင် ၉ ရက်တွင် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီကျော် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။

လွှတ်တင်ပြီး ကိုးမိနစ်ခန့် အကြာတွင် အထက်ပါ ဖယ်လ်ကွန်-၉ဒုံးပျံ၏ အမှတ်(၁၀၆၇) ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ၃၆ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့သည်။

စပေ့စ်အိတ်ကုမ္ပဏီသည် အမှတ် (၁၀၆၇) ပင်မဒုံးယာဉ်ကို မစ်ရှင်ပေါင်း ၃၅ ခုအတွက် အသုံးပြုခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာ၏ နယူးဟော်ရီဇွန်အာကာသယာဉ်က စွမ်းအင်စနစ်များပိတ်၍ ပျံသန်းနေခဲ့ပြီးနောက် ပြန်လည်နိုးထသက်ဝင်လာ

**ဝါရှင်တန် ဇူလိုင် ၁၀**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ နယူးဟော်ရီဇွန် အာကာသယာဉ်သည် စွမ်းအင်စနစ်များပိတ်၍ ပျံသန်းနေခဲ့ပြီးနောက် ပြန်လည်နိုးထသက်ဝင်လာပြီဖြစ်ကြောင်း ဇူလိုင် ၉ ရက် သတင်းများအရ သိရသည်။



နယူးဟော်ရီဇွန် အာကာသယာဉ်သည် ပြီးခဲ့သည့်နှစ် ဩဂုတ် ၇ ရက်မှစတင်ကာ စွမ်းအင်စနစ်များပိတ်၍ ပျံသန်းခဲ့ပြီးနောက် ယခုအခါ ပြန်လည်နိုးထသက်ဝင်လာခြင်းဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ပြန်လည်နိုးထလာပြီဖြစ်သော နယူးဟော်ရီဇွန် အာကာသယာဉ်၏ စူးစမ်းလေ့လာရေးစနစ်နှင့် စွမ်းအင်စနစ်အားလုံးမှာ အခြေအနေကောင်းမွန်မှုရှိကြောင်း နာဆာတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

စွမ်းအင်စနစ်များ ပိတ်၍ ပျံသန်းနေစဉ်အတွင်း နာဆာမြေပြင်စခန်း ကျွမ်းကျင်သူများအနေဖြင့် နယူးဟော်ရီဇွန် အာကာသယာဉ်ထံ ညွှန်ကြားချက်ပေးပို့ခြင်း၊ သတင်းအချက်အလက် ထုတ်ယူခြင်းများ မပြုလုပ်ခဲ့သော်လည်း ၎င်းအာကာသယာဉ်၏ အာရုံခံစနစ်များကမူ အာကာသဟင်းလင်းပြင် သတင်းအချက်အလက်များကို စတင်ရယူသိုလှောင်ခဲ့ကြောင်း သိရသည်။

နယူးဟော်ရီဇွန် အာကာသယာဉ်သည် လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်နှင့်မိုင်ပေါင်း ၅ ဒသမ ၉ ဘီလီယံအကွာတွင် ရောက်ရှိနေပြီး နေအဖွဲ့အစည်းအပြင်လွှာဖြစ်သော ဟီလီယိုစဖီးယားနယ်မြေကို လေ့လာရေးအတွက် ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် နာဆာအဖွဲ့က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တီယန်ဝန်-၂ အာကာသယာဉ်က 2016 HD 3 ဂြိုဟ်သိမ်၏ ပထမဆုံးဓာတ်ပုံများကို ရိုက်ကူးပေးပို့ထား

**ပေကျင်း ဇူလိုင် ၁၀**

တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ တီယန်ဝန်-၂ အာကာသယာဉ်သည် 2016 HD 3 ဂြိုဟ်သိမ်၏ ပထမဆုံးဓာတ်ပုံများကို ရိုက်ကူးပေးပို့ထားကြောင်း ဇူလိုင် ၉ ရက် သတင်းများအရ သိရသည်။

တီယန်ဝန်-၂ အာကာသယာဉ်သည် တရုတ်နိုင်ငံ၏ ပထမဆုံး ဂြိုဟ်သိမ် ကျောက်သားနမူနာ ရယူရေး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်က လွှတ်တင်ခဲ့သော တီယန်ဝန်-၂ အာကာသယာဉ်သည် ကီလိုမီတာ တစ်ဘီလီယံအကွာအဝေးကို တစ်နှစ်ကျော်ကြာ ပျံသန်းခဲ့ပြီးနောက် ၎င်း၏ ပထမဆုံးပစ်မှတ်ဖြစ်သည့် 2016 HD 3 ဂြိုဟ်သိမ်နှင့် ကီလိုမီတာ ၂၀ အကွာသို့ ရောက်ရှိနေပြီဖြစ်သည်။

တီယန်ဝန်-၂ အာကာသယာဉ်သည် 2016 HD 3 ဂြိုဟ်သိမ်၏ ပထမဆုံးဓာတ်ပုံများကို ဇူလိုင် ၂ ရက်က ရိုက်ကူးခဲ့ပြီးနောက် ၎င်းဓာတ်ပုံများကို မြေပြင်စခန်းသို့ ပြန်လည် ပေးပို့ထားခြင်းဖြစ်ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တီယန်ဝန်-၂ အာကာသယာဉ်သည် 2016 HD 3 ဂြိုဟ်သိမ်ကို စူးစမ်းလေ့လာရေးစနစ် ၁၁ ခုဖြင့် တစ်နှစ်ခန့်ကြာ လေ့လာမည်ဖြစ်ပြီး နောက်ပိုင်းတွင် ၎င်းဂြိုဟ်သိမ်ပေါ်မှ ကျောက်သားနမူနာများကို ကောက်ယူ၍ ကမ္ဘာမြေဆီသို့ ပြန်လည်ပေးပို့မည်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ဝန်-၂ အာကာသယာဉ်ကို ၂၀၂၅ ခုနှစ် မေ ၂၈ ရက်က လောင်းမတ်ချ်-၃ ဘီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဦးနှောက်တစ်ရှူးပျက်စီးမှုများ ဖော်ထုတ်ပေးနိုင်မည့် နည်းလမ်းတစ်ရပ်ကို ရှာဖွေတွေ့ရှိထား

**နယူးယောက် ဇူလိုင် ၁၀**

ရှေးယခင်က ထောက်လှမ်းရှာဖွေနိုင်မှုမရှိခဲ့သော ဦးနှောက်တစ်ရှူးပျက်စီးမှုများကို ရှာဖွေဖော်ထုတ်ပေးနိုင်မည့် နည်းလမ်းတစ်ရပ်ကို အမေရိကန်နိုင်ငံ ဘက်ဖလိုးတက္ကသိုလ်မှ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၉ ရက် သတင်းများအရ သိရသည်။

အထက်ပါ တွေ့ရှိချက်သည် ဗဟိုအာရုံနာ့ဗ်ဆဲလ်စနစ်ပျက်စီးမှုရောဂါ (MS) ကို ကုသနိုင်ရေးအတွက် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗဟိုအာရုံနာ့ဗ်ဆဲလ်စနစ်ထိခိုက်ပျက်စီးမှုရောဂါသည် လူ့ခုခံအားစနစ်က လူ့ကိုယ်ခန္ဓာ၏ အာရုံနာ့ဗ်ဆဲလ်စနစ်ကိုမှားယွင်းတိုက်ခိုက်ချိန်တွင် ဖြစ်ပွားတတ်သည့် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါတစ်မျိုးဖြစ်သည်။

MS ရောဂါကို ရှာဖွေဖော်ထုတ်ရာတွင် သုတေသနပညာရှင်များအနေဖြင့် ယခင်က White Matter ခေါ် ဦးနှောက်နယ်မြေ၌ ဖြစ်ပေါ်လာတတ်သည့် တစ်ရှူးပျက်စီးမှုများကို ထောက်လှမ်းနိုင်သော်လည်း Grey Matter ခေါ် ဦးနှောက်နယ်မြေ၌ ဖြစ်ပွားတတ်သော တစ်ရှူးပျက်စီးမှုများကို ထောက်လှမ်းနိုင်စွမ်းမရှိခဲ့ပေ။

သို့ရာတွင် လက်ရှိအချိန်၌ ဘက်ဖလိုးတက္ကသိုလ်မှ အမေရိကန် သုတေသနပညာရှင်များသည် Grey Matter ခေါ် ဦးနှောက်နယ်မြေ၌ ဖြစ်ပေါ်တတ်သော တစ်ရှူးများပျက်စီးမှုကို ထောက်လှမ်းနိုင်သော နည်းလမ်းတစ်ရပ်ကို ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကိုဗစ်-၁၉ ရောဂါကြောင့် ပေါ်ထွက်လာနိုင်သည့် ရေရှည်ကျန်းမာရေးပြဿနာတစ်ရပ်ကို ထပ်မံတွေ့ရှိ

**စတော့ဟုမ်း ဇူလိုင် ၁၀**

ကိုဗစ်-၁၉ ရောဂါကြောင့် ပေါ်ထွက်လာနိုင်သည့် ရေရှည်ကျန်းမာရေးပြဿနာတစ်ရပ်ကို သုတေသနပညာရှင်များက ထပ်မံဖော်ထုတ်တွေ့ရှိထားကြောင်း ဇူလိုင် ၉ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်နိုင်ငံ လင်ကိုပင်းတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်-၁၉ ရောဂါကြောင့် ရေရှည် အမြင်အာရုံပြဿနာများ ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်-၁၉ ရောဂါ အပျော့စားလက္ခဏာများကို ခံစားခဲ့ရလျှင်ပင် အမြင်အာရုံပြဿနာများကို နောက်ပိုင်းကာလများတွင် ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့ပြီး ဆေးရုံတက်ရန်မလိုအပ်သော်လည်း အမြင်အာရုံပြဿနာများ ခံစားခဲ့ရသည့် လူနာ ၁၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ကိုဗစ်-၁၉ လက္ခဏာ အပျော့စားများ ခံစားခဲ့ရလျှင်ပင် နောက်ပိုင်းကာလ၌ အမြင်အာရုံဆိုင်ရာ ပြဿနာများကို သုံးလမှ သုံးနှစ်ကြာထိ ဆက်လက် ခံစားရနိုင်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါခံစားရသူများသည် ကိုဗစ်-၁၉ ရောဂါလက္ခဏာအမျိုးမျိုးကို ရေရှည်ဆက်လက်ခံစားရတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်ဇယား

နော်ဝေ - အင်္ဂလန်
(၁၂-၇-၂၀၂၆ နံနက် ၃နာရီခွဲ)

အာဂျင်တီးနား - ဆွစ်ဇာလန်
(၁၂-၇-၂၀၂၆ နံနက် ၇နာရီခွဲ)

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးအသင်း ဆွတ်ခူး




ရန်ကုန် ဇူလိုင် ၁၀

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ရာ စုပေါင်းတံခွန်စိုက်ဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးအသင်း ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကျင်းပသည်။

ဗိုလ်လုပွဲစဉ်များအပြီး ဆုပေးပွဲအခမ်းနားကျင်းပရာ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆု ရရှိသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရွှေတံဆိပ် နှစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက စုပေါင်းတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

STA

# FIFA e Continental Championship ပြိုင်ပွဲ Nation League အဆင့်သို့ မြန်မာကိုယ်စားပြု FIFA e Mobile အသင်းတက်ရောက်

ရန်ကုန် ဇူလိုင် ၁၀

ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် FIFA e Continental Championship ပြိုင်ပွဲ Nation League အဆင့်သို့ မြန်မာကိုယ်စားပြု FIFA e Mobile အသင်း တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာကိုယ်စားပြု FIFA e Mobile အသင်းသည် National League လက်ရည်စစ်အဆင့်အဖြစ် ရက်သတ္တသုံးပတ်တာ ယှဉ်ပြိုင်ကစားခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၁၇ နိုင်ငံကိုကျော်ဖြတ်ကာ Consistency Ranking တွင် အဆင့်(၆)နေရာ၌ ရပ်တည်ခဲ့သည့်အတွက် FIFA e Continental Championship ပြိုင်ပွဲ Nation League အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ FIFA e Continental Championship ပြိုင်ပွဲ Nation League အဆင့်ကို လာမည့်သြဂုတ် ၁၉ ရက်မှ ၂၂ ရက်ထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည်ဖြစ်ပြီး National League အဆင့် အောင်မြင်သည့်အသင်းများအနေဖြင့် နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် FIFA e World Cup 2026 သို့ ဝင်ရောက် ကစားခွင့်ရရှိမည် ဖြစ်သည်။

မြန်မာကိုယ်စားပြု FIFA e Mobile အသင်းမှ ကစားသမားများအဖြစ် (CHARLIE)အောင်သန့်စင်နှင့် (Z1ATAN)မင်းသူရသန့်တို့ ဝင်ရောက်ကစားနေခြင်းဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆ အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့ အစားထိုးဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ

ရန်ကုန် ဇူလိုင် ၁၀

ဂျပန်နိုင်ငံတွင် ကျင်းပမည့် ၂၀၂၆ အာရှအားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့ အစားထိုး ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြကြောင်း သိရသည်။

၂၀၂၆ အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အီရန်အသင်းနှင့် အိန္ဒိယအသင်းတို့ နုတ်ထွက်ခဲ့ကြသည့်အတွက် ပြိုင်ပွဲကျင်းပရေးကော်မတီက မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့နှင့် အစားထိုးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၂၀၂၆ အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ ဖိလစ်ပိုင် အမျိုးသမီးအသင်းနှင့် ဗီယက်နမ် အမျိုးသမီးအသင်းတို့က တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြပြီး ယခုအခါ မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့သည်လည်း အစားထိုးအသင်းများအဖြစ် ဝင်ရောက်ကစားခွင့်ရရှိခဲ့သည့်အတွက် အာဆီယံဒေသတွင်းမှ အသင်းလေးသင်း ဝင်ရောက်ကစားသွားမည်ဖြစ်သည်။

၂၀၂၆ အာရှအားကစားပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၁၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်သော်လည်း အမျိုးသမီးဘောလုံးပြိုင်ပွဲမှာ ကာလရှည်ပြိုင်ပွဲဖြစ်သည့်အတွက် စက်တင်ဘာ ၁၄ ရက်ကတည်းက စတင်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ မူချိုဗာ တက်ရောက်

လန်ဒန် ဇူလိုင် ၁၀

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တစ်ပွဲအဖြစ် ချက်တင်းနစ်မယ် မူချိုဗာနှင့် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်တို့ ယှဉ်ပြိုင်ခဲ့ရာ မူချိုဗာက(၆-၂၊ ၁-၆၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မူချိုဗာအတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲ အမျိုးအစားတွင် ဗိုလ်လုပွဲအဆင့်သို့ ဒုတိယမြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကိုကိုဂတ်ဖ်အနေဖြင့် ယခုပွဲစဉ်တွင် အနိုင်ရရှိရန် ရေပန်းစားခဲ့သော်လည်း မူချိုဗာက ချန်ပီယံလက်စွမ်းမျိုး ပြသကာ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မူချိုဗာက "ကစားသမားဘဝအတွက် ဂရန်းစလန်းပြိုင်ပွဲမှာ ဗိုလ်လုပွဲအဆင့်ကို ဒုတိယမြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဝင်ဘယ်ဒန်လို တင်းနစ်ပြိုင်ပွဲမျိုးမှာ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။ ကိုကိုဂတ်ဖ်ဟာ ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ပါ။ အကြိတ်အနယ် ကစားခဲ့ရပါတယ်။ အထူးသဖြင့် နောက်ဆုံးပွဲစဉ်မှာကစားရတာ သိပ်ကိုခက်ခဲခဲ့ပါတယ်။ ကိုကိုဂတ်ဖ်လို ကစားသမားမျိုးကို အနိုင်ရတာဟာ ကျွန်မအတွက် တကယ့်ကိုဂုဏ်ယူစရာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN
Trs : AZL

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းကိုအနိုင်ရပြီး ပြင်သစ်အသင်း ဆီမီးဖိုင်နယ်အဆင့်သို့ သုံးကြိမ်ဆက်တက်ရောက်နိုင်ခဲ့

ပဲရစ် ဇူလိုင် ၁၀




၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ်ကစားခဲ့သည့် ပြင်သစ်အသင်းနှင့် မော်ရိုကိုအသင်းတို့ ပွဲစဉ်တွင် ပြင်သစ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ကို သုံးကြိမ်ဆက် တက်ရောက် နိုင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်အသင်းသည် မော်ရိုကိုအသင်းနှင့်ပွဲစဉ်၌ ပွဲချိန်ပထမပိုင်းတွင် ဂိုးကန်သွင်းခွင့်များ ရရှိခဲ့သော်လည်း မော်ရိုကိုအသင်း ခံစစ်ကစားပုံကြောင့် ဂိုးမရရှိခဲ့ဘဲ ဒုတိယပိုင်းပွဲချိန် မိနစ် ၆၀ တွင် အမ်ဘတ်ပီနှင့် ၆၆ မိနစ်တွင် ဒမ်ဘီလီတို့က ပြင်သစ်အသင်းအတွက် သွင်းဂိုးများသွင်းယူခဲ့ပြီးနောက် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းသည် ၂၀၁၄ ခုနှစ် က ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဥရုဂွေးအသင်းကို အနိုင်ရပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သကဲ့သို့ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်၌ အင်္ဂလန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ယခု ၂၀၂၆ ပြိုင်ပွဲတွင် မော်ရိုကိုအသင်းကို အနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့်သို့ သုံးကြိမ်ဆက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ် အဆင့်တွင် ပြင်သစ်အသင်းသည် စပိန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ပွဲစဉ်မှ အနိုင်ရသည့်အသင်းနှင့် လာမည့် ဇူလိုင် ၁၅ ရက်တွင် ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# တနင်္ဂနွေနေ့ညကစားမဲ့ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်တွေထဲက တိုက်စစ်ကစားအားကောင်းနေတဲ့ အင်္ဂလန်အသင်း၊ အာဂျင်တီးနားအသင်းတို့ကို ရွေးချယ်ရမှာပါ

ML




တနင်္ဂနွေနေ့ညကစားမဲ့ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်တွေမှာတော့ အသင်းကြီးတွေထိပ်တိုက်တွေ့ဆုံနေတာကြောင့်ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ လက်ရှိပြိုင်ပွဲမှာတော့ ထိပ်တန်းအဆင့်ကစားသမားပိုင်ဆိုင်ထားပြီး အဆုံးအဖြတ်ဂိုးတွေသွင်းယူပေးနိုင်တဲ့အသင်းတွေ ကွာတားဖိုင်နယ်အဆင့်ထိရောက်ရှိလာတယ်လို့ဆိုရမှာပါ။ ဒီအဆင့်ကိုရောက်လာတဲ့နော်ဝေအသင်းဟာဆိုရင်လဲ ဟာလန်းရဲ့ အဆုံးအဖြတ်ဂိုးတွေကြောင့်နိုင်ပွဲရခဲ့သလို အင်္ဂလန်အသင်းကလဲ ဟယ်ရီကိန်းရဲ့ဂိုးတွေနဲ့ နိုင်ပွဲရှာနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ဒ့ါပြင် အာဂျင်တီးနားအသင်းကလဲ တိုက်စစ်မှူးမက်ဆီရဲ့စွမ်းဆောင်ရည်တွေနဲ့ နိုင်ပွဲတွေရှာနိုင်ခဲ့ပြီး အထူးသဖြင့် အီဂျစ်အသင်းနဲ့ပွဲစဉ်ဟာ နှစ်ဂိုးရှုံးတဲ့အခြေအနေကနေ သုံးဂိုးပြန်သွင်းနိုင်တဲ့ထိ တိုက်စစ်ပိုင်းက ခြေစွမ်းပြသနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကွာတားဖိုင်နယ်အဆင့်မှာ အသင်းလိုက်ကစားပုံသာမဟုတ်ဘဲ တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းတဲ့ ကစားသမားပိုင်ဆိုင်ထားတဲ့အချက်ကိုပါ ထည့်သွင်းစဉ်းစားရတာဖြစ်လို့ တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက ထိပ်တန်းအဆင့်ကစားသမားတွေများနေတဲ့ အင်္ဂလန်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

## အင်္ဂလန်အသင်းကိုရွေးရမှာပါ

ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်မှာ အကြိုက်တွေ့တဲ့ပွဲစဉ်ကတော့ နော်ဝေအသင်းနဲ့ အင်္ဂလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နော်ဝေအသင်းဟာ ဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခြေစွမ်းပြကစားသမားတွေဖြစ်တဲ့ ဟာလန်း၊ ဆိုးလော့၊ အိုဒီဂတ်တို့လိုကစားသမားတွေကို ပိုင်ဆိုင်ခဲ့တာကြောင့် အုပ်စုပွဲစဉ်မှာ အီရတ်၊ ဆီနီဂေါ၊ ပြင်သစ်အသင်းတို့နဲ့ ကစားရပေမဲ့ နှစ်ပွဲနိုင်၊တစ်ပွဲရှုံး အုပ်စုဒုတိယနေရာကနေ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။

နော်ဝေအသင်းဟာ ၃၂ သင်းရှုံးထွက်အဆင့်မှာတော့ အာဖရိကဇုန်က အိုင်ဗရီကို့စ်အသင်းနဲ့တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ နည်းပြဆိုဘတ်ကန်ရဲ့ ၄-၃-၃ ကစားကွက်မှာ ဟာလန်း၊ ဆိုးလော့၊ နူဆာတို့နဲ့ပွဲထွက်ခဲ့ပြီး ပြိုင်ဘက်ကိုအကောင်းဆုံးဖိအားပေးနိုင်ခဲ့တာကြောင့် ဟာလန်း၊ နူဆာတို့ရဲ့ဂိုးတွေနဲ့ အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ၁၆ သင်းရှုံးထွက်အဆင့်မှာတော့ နော်ဝေအသင်းဟာ တောင်အမေရိကဇုန်က ဘရာဇီးအသင်းနဲ့ တွေ့ဆုံခဲ့ပြီး ဒီပွဲစဉ်မှာတော့ နော်ဝေအသင်းတိုက်စစ်မှူးဟာလန်းက နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့လို့ ဘရာဇီးအသင်းကိုနှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြိုင်ပွဲတစ်လျှောက်မှာ တိုက်စစ်ပိုင်းကောင်းခဲ့ပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကိုတော့ ပြင်ဆင်နိုင်ခြင်းမရှိတာကြောင့် အခုပွဲမှာလဲ အင်္ဂလန်တိုက်စစ်ကိုထိန်းချုပ်နိုင်ဖို့မလွယ်ပါဘူး။

အင်္ဂလန်အသင်းဟာ အခုကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဆင့်မှာ ခရိုအေးရှား၊ ဂါနာ၊ ပနားမားတို့နဲ့ကစားခဲ့ရတာဖြစ်ပါတယ်။ အုပ်စုအဖွင့်ပွဲမှာတော့ ကစားပုံကျစ်လစ်မှုရှိတဲ့ ခရိုအေးရှားအသင်းနဲ့တွေ့ဆုံခဲ့ပေမဲ့ ဟယ်ရီကိန်း၊ ဘယ်လင်ဟမ်တို့ရဲ့ တိုက်စစ်ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် လေးဂိုးနှစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ အုပ်စုဒုတိယပွဲစဉ်မှာ ဂါနာအသင်းနဲ့တွေ့ဆုံခဲ့ပြီး ဂိုးမရခဲ့ဘဲ ဂိုးမရှိသရေရလဒ်နဲ့ပွဲပြီးဆုံးခဲ့တာဖြစ်ပါတယ်။ အုပ်စုနောက်ဆုံးပွဲမှာတော့ ပနားမားအသင်းနဲ့ကစားခဲ့ရပြီး နှစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့လို့ အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။

အင်္ဂလန်အသင်းဟာ ၃၂ သင်းအဆင့်ရှုံးထွက်ပွဲစဉ်မှာတော့ အာဖရိကဇုန်က ကွန်ဂိုအသင်းနဲ့တွေ့ဆုံခဲ့လို့ ပွဲစဉ်ချောင်ခဲ့ပေမဲ့ ပွဲအစပထမပိုင်းမှာပဲ ကွန်ဂိုအသင်းရဲ့ဦးဆောင်ဂိုးကြောင့် ဖိအားအောက်ကျရောက်ခဲ့ရတာကိုတွေ့ရမှာပါ။ ဒုတိယပိုင်းမှာ နည်းပြတူချယ်အနေနဲ့ တောင်ပံတိုက်စစ်မှာ ဆာကာ၊ ဂေါ်ဒွန်တို့အတွဲကို လူစားလဲခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ အင်္ဂလန်အသင်းတိုက်စစ်ပိုင်းနေရာလွတ်ရခဲ့ပြီး ဟယ်ရီကိန်းကချေပဂိုးနဲ့ အနိုင်ဂိုးနှစ်ဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့လို့ နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ၁၆ သင်းရှုံးထွက်အဆင့်မှာတော့ အိမ်ရှင်အားသာချက်ရှိတဲ့မက္ကဆီကိုအသင်းနဲ့ ကစားခဲ့ရတာကြောင့် အကြိတ်အနယ်ရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အင်္ဂလန်အသင်းဟာ သုံးဂိုးနှစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာကြောင့် ကွာတားဖိုင်နယ်ရောက်ခဲ့တာကိုတွေ့ရမှာပါ။

ဒီနှစ်သင်းဖြတ်ကျော်ခဲ့တဲ့ ပြိုင်ပွဲတစ်လျောက်မှာတော့ နော်ဝေအသင်းက တိုက်စစ်ကစားပုံကောင်းပေမဲ့ ခံစစ်ပိုင်းကတော့ ပွဲတိုင်းဂိုးပေးနေရတာကိုတွေ့ရပြီး အင်္ဂလန်အသင်းကတော့ တိုက်စစ်နဲ့ခံစစ်အချိတ်အဆက်မိနေသလို ဟယ်ရီကိန်းကလဲ တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းကောင်းနေတာကိုတွေ့ရမှာပါ။ ကစားသမားစုဖွဲ့မှုမှာတော့ အင်္ဂလန်က ဟယ်ရီကိန်း၊ဘယ်လင်ဟမ်၊ ဂေါ်ဒွန်၊ ရက်ရှ်ဖို့ဒ်၊ ဆာကာ၊ မက်ဒူခီစတဲ့တိုက်စစ်ကစားသမားတွေရှိနေပေမဲ့ နော်ဝေမှာတော့ ဟာလန်း၊ အိုဒီဂတ်၊ ဆိုးလော့တို့သာ အားကိုးနေရတာဖြစ်ပါတယ်။ ဒါကြောင့် စုဖွဲ့မှုမှာလဲ အရန်ကစားသမားတောင့်တင်းတဲ့ အင်္ဂလန်အသင်းအသာရနေသလို နည်းစနစ်ပိုင်းမှာလဲ နည်းပြတူချယ်က နော်ဝေနည်းပြထက်ပိုကောင်းပြီး အဘက်ဘက်ကအသာရနေတာကြောင့် အခုပွဲမှာ အင်္ဂလန်အသင်းကိုပဲရွေးရမှာပါ။

### နော်ဝေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အီရတ် | ၁ | - | ၄ | နော်ဝေ |
| နော်ဝေ | ၃ | - | ၂ | ဆီနီဂေါ |
| နော်ဝေ | ၁ | - | ၄ | ပြင်သစ် |
| အိုင်ဗရီကို့စ် | ၁ | - | ၂ | နော်ဝေ |
| ဘရာဇီး | ၁ | - | ၂ | နော်ဝေ |

### အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၄ | - | ၂ | ခရိုအေးရှား |
| အင်္ဂလန် | ၀ | - | ၀ | ဂါနာ |
| ပနားမား | ၀ | - | ၂ | အင်္ဂလန် |
| အင်္ဂလန် | ၂ | - | ၁ | ကွန်ဂို |
| မက္ကဆီကို | ၂ | - | ၃ | အင်္ဂလန် |

## အာဂျင်တီးနားအသင်းနိုင်ပွဲရမှာပါ

ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့တာကတော့ အာဂျင်တီးနားအသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့ဖလားချန်ပီယံအာဂျင်တီးနားအသင်းဟာ အခုပြိုင်ပွဲကိုလဲ ချန်ပီယံဆုရရှိထားတဲ့ ကစားသမားအများစုနဲ့စုဖွဲ့ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အုပ်စုအဆင့်မှာ အယ်ဂျီးရီးယား၊ ဩစတြီးယား၊ ဂျော်ဒန်တို့နဲ့ကစားခဲ့ရပြီး သုံးပွဲနိုင်အုပ်စုပထမနဲ့ ၃၂ သင်းအဆင့်တက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီသုံးပွဲမှာတော့ တိုက်စစ်မှူးမက်ဆီကခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးခြောက်ဂိုးထိသွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ရှုံးထွက်အဆင့်မှာတော့ ကိတ်ဗာဒီအသင်းနဲ့တွေ့ခဲ့ပေမဲ့ပြိုင်ဘက်ရဲ့ ဖောင်ဖျက်ကစားပုံကြောင့် အချိန်ပိုထိကစားခဲ့ရပြီး သုံးဂိုးနှစ်ဂိုးနဲ့ နောက်တစ်ဆင့်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ ၁၆သင်းအဆင့်မှာတော့ အီဂျစ်အသင်းနဲ့တွေ့ဆုံခဲ့ပြီး တိုက်စစ်မှူးမက်ဆီခြေစွမ်းပြနိုင်ခဲ့တာကြောင့် သုံးဂိုးနှစ်ဂိုးနဲ့နိုင်ပွဲရခဲ့ပြီး ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။

ဆွစ်ဇာလန်အသင်းကတော့ ကမ္ဘာ့ဖလားအုပ်စုအဆင့်မှာ ကာတာ၊ ဘော့စ်နီးယား၊ ကနေဒါအသင်းတို့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲမှာ ကာတာကိုသရေရလဒ်သာကစားနိုင်ခဲ့ပေမဲ့ ဒုတိယပွဲမှာ ဘော့စ်နီးယားကိုလေးဂိုးပြတ်နဲ့နိုင်ပွဲရခဲ့လို့ အုပ်စုက တက်ရောက်ဖို့သေချာခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးပွဲမှာလဲ အိမ်ရှင်ကနေဒါအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ပွဲရှာနိုင်ခဲ့တာကြောင့် အုပ်စုပထမနေရာကနေ ၃၂သင်းအဆင့်ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ရှုံးထွက်အဆင့်မှာတော့ အယ်ဂျီးရီးယားအသင်းနဲ့ကစားခဲ့ရပြီး ဆွစ်ဇာလန်အသင်းက အန်ဒိုရီ၊ အမ်ဘိုလိုတို့တိုက်စစ်အတွဲခြေစွမ်းပြနိုင်ခဲ့တာကြောင့် အယ်ဂျီးရီးယားကို နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ၁၆ သင်းအဆင့်မှာတော့ ကိုလံဘီယာအသင်းနဲ့တွေ့ဆုံခဲ့ပြီးတစ်ဖက်နဲ့တစ်ဖက်ဂိုးမရခဲ့ဘဲ အချိန်ပို၊ ပင်နယ်တီထိရောက်ရှိခဲ့တာဖြစ်ပါတယ်။ ပင်နယ်တီမှာတော့ ဆွစ်ဇာလန်အသင်းက ဂိုးသမားကိုဘယ်လက်စွမ်းပြနိုင်ခဲ့တာကြောင့် လေးဂိုးသုံးဂိုးနဲ့ နိုင်ပွဲရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။

ပြိုင်ပွဲတစ်လျှောက် ဒီနှစ်သင်းရဲ့ကစားပုံကိုနှိုင်းယှဉ်ကြည့်ရင် အာဂျင်တီးနားအသင်းက အသင်းလိုက်ကစားအားနဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းပိုကောင်းခဲ့တယ်လို့ဆိုရမှာပါ။ အထူးသဖြင့် တိုက်စစ်မှူးမက်ဆီကိုဟန့်တားနိုင်ဖို့ အသင်းတိုင်းရုန်းကန်နေရပြီး မက်ဆီကိုလူကပ်ကစားရင် နေရာလွတ်တွေပေးနေရတာကြောင့် ပြိုင်ဘက်တွေအတွက် အခက်တွေ့ခဲ့တာဖြစ်ပါတယ်။ ဆွစ်ဇာလန်အသင်းကတော့ အမ်ဘိုလိုနဲ့အမ်ဒိုရီတို့ကိုသာ အားကိုးနေရလို့ ဒီကစားသမားတွေနဲ့ အာဂျင်တီးနားခံစစ်ကြောင်းကို ကျော်ဖြတ်နိုင်ဖို့တော့ မလွယ်ပါဘူး။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာလဲ အာဂျင်တီးနားအသင်းက သုံးကြိမ်စလုံးနိုင်ပွဲရခဲ့ဖြစ်ပါတယ်။ ဒ့ါပြင် ကမ္ဘာ့ဖလားအတွေ့အကြုံပိုင်းမှာလဲ လက်ရှိချန်ပီယံအာဂျင်တီးနားအသင်းကအသာရနေပြီး မက်ဆီ၊ အန်ဇိုဖာနန်ဒက်စ်၊ မာတီနက်ဇ်တို့ တိုက်စစ်အတွဲကို ဆွစ်ဇာလန်အသင်းခံစစ်ပိုင်း ထိန်းချုပ်ဖို့မဖြစ်နိုင်တာကြောင့် အခုပွဲစဉ်မှာ အာဂျင်တီးနားအသင်းပဲနိုင်ပွဲရသွားမှာပါ။

### အာဂျင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဂျင်တီးနား | ၃ | - | ၀ | အယ်ဂျီးရီးယား |
| အာဂျင်တီးနား | ၂ | - | ၀ | ဩစတြီးယား |
| ဂျော်ဒန် | ၁ | - | ၃ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၃ | - | ၂ | ကိတ်ဗာဒီ |
| အာဂျင်တီးနား | ၃ | - | ၂ | အီဂျစ် |

### ဆွစ်ဇာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကာတာ | ၁ | - | ၁ | ဆွစ်ဇာလန် |
| ဆွစ်ဇာလန် | ၄ | - | ၀ | ဘော့စ်နီးယား |
| ဆွစ်ဇာလန် | ၂ | - | ၁ | ကနေဒါ |
| ဆွစ်ဇာလန် | ၂ | - | ၀ | အယ်ဂျီးရီးယား |
| ဆွစ်ဇာလန် | ၀ | - | ၀ | ကိုလံဘီယာ |

# နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လူဦးရေကိုအခြေပြု

ဘုန်းမောင်ဝင်း(ဗျာပုံ)

နှစ်စဉ် ဇူလိုင်လ ၁၁ ရက်နေ့သည် ကမ္ဘာ့လူဦးရေနေ့ဖြစ်သည်။ ယခုနှစ်အတွက်သတ်မှတ် ထားသည့် ဆောင်ပုဒ်မှာ "လူဦးရေအချက်အလက်များကို အခြေခံလို့ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာ ဂတ်ကို တည်ဆောက်စို့"ဟူ၍ဖြစ်သည်။ ဤဆောင်ပုဒ်၏ အဓိပ္ပာယ်မှာထင်သာမြင်သာ လွယ်ကူရှင်းလင်းလှပြီး မြန်မာနိုင်ငံ၏အနာဂတ်ကို ပိုမိုကောင်းမွန် အောင်ဆောင်ရွက်ကြရန် တိုက်တွန်းထားခြင်းဖြစ်သည်။ ကမ္ဘာ့လူဦးရေနေ့ကို ဦးဆောင်ကျင်းပသည့် အဖွဲ့အစည်းဌာနမှာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဖြစ်သည်။

ကမ္ဘာ့လူဦးရေနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို မှတ်တမ်းပြုရမည်ဆိုပါက ကမ္ဘာ့လူဦးရေ သန်းပေါင်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ သတ်မှတ်ရသည့်ရည်ရွယ်ချက်တွင် " ကမ္ဘာလုံးဆိုင်ရာလူဦးရေပြဿနာရပ်နှင့် လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများ အသိပညာမြှင့်တင်ပေးရန်" ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်မှစတင်ကျင်းပလာခဲ့ခြင်းဖြစ်၍ ယခု ၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ၂၇ နှစ်မြောက် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံတိုင်းတွင်တစ်နှစ်ထက်တစ်နှစ် လူဦးရေတိုးပွားမှုနှုန်းမြင့်မားလျက်ရှိသည့်အတွက် ကမ္ဘာ့လူဦးရေမှာလည်းနှစ်စဉ်မြင့်မားနေသည်။ လေ့လာတွေ့ရှိချက်များအရ ကမ္ဘာ့လူဦးရေသည် ၁၈၀၄ ခုနှစ်တွင် တစ်ဘီလီယံရှိခဲ့သည်။ ဤသည်မှာ လူသားသမိုင်းအစမှ ပထမဆုံးဘီလီယံပြည့်ရန် နှစ်ပေါင်းသိန်းချီကြာမြင့်ခဲ့သည်ဟုဆိုသည်။ ၁၉၂၇ ခုနှစ်တွင် နှစ်ဘီလီယံ ရှိပြီး ဘီလီယံပြည့်ရန် ၁၂၃ နှစ်ကြာမြင့်ခဲ့သည်။ နှစ်ဘီလီယံမှသုံးဘီလီယံဖြစ်လာရန်အတွက် ၃၃ နှစ်ကြာမြင့်သည့် ၁၉၆၀ ပြည့်နှစ်တွင် သုံးဘီလီယံဖြစ်လာခဲ့သည်။ ဤသို့ဖြစ်ပေါ်လာရခြင်းအကြောင်းမှာ ဆေးပညာနှင့် သန့်ရှင်းရေးစနစ်များတိုးတက်ကောင်းမွန်လာခြင်းကြောင့်ဟုဆိုသည်။

ကမ္ဘာ့လူဦးရေတိုးပွားမှုနှုန်းမှာ ပိုမိုမြင့်မားလာသည့်အတွက် ၁၉၆၀ ပြည့်နှစ်မှ ၁၄ နှစ် အကြာ ၁၉၇၄ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ လေးဘီလီယံသို့ရောက်ရှိသည်။ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ လူဦးရေတိုးပွားမှုမြင့်လာခြင်းဖြစ်သည်။ ထိုမှတစ်ဖန် ၁၉၇၄ ခုနှစ်မှရေတွက်လျှင် ၁၃ နှစ်အကြာ ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ ငါးဘီလီယံသို့ရောက်ရှိလာခဲ့သည်။ ဤသို့ လျင်မြန်စွာတိုးတက်လာသည့် လူဦးရေနှင့်ဆက်စပ်သောပြဿနာများကို ကမ္ဘာ့နိုင်ငံအားလုံးကသတိပြုကာ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်များကို ဆောင်ရွက်နိုင်ရန်အတွက် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကမ္ဘာ့လူဦးရေ ငါးဘီလီယံပြည့်မြောက်ခဲ့ခြင်းကို အစွဲပြု၍ ၁၉၈၉ ခုနှစ်မှစတင်ကာ ကုလသမဂ္ဂ (UN) မှ ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့လူဦးရေတိုးတက်နှုန်းကို ဆက်လက်ဖော်ပြရမည်ဆိုပါက ၁၉၉၉ ခုနှစ်တွင် ခြောက်ဘီလီယံ၊ ၂၀၁၁ ခုနှစ်တွင် ခုနစ်ဘီလီယံ။ ၂၀၂၂ ခုနှစ်တွင် ရှစ် ဘီလီယံသို့ ရောက်ရှိလာပြီဖြစ်သည်။ ကမ္ဘာ့လူဦးရေ ရှစ်ဘီလီယံပြည့်သည့်နေ့ရက်မှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်ဖြစ်သည်။ သမိုင်းတစ်လျှောက်တွင် ၁၁ နှစ်အတွင်း အမြန်ဆုံးတစ်ဘီလီယံနှုန်းလူဦးရေများပြားလာခြင်းဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် လူဦးရေသန်းပေါင်း ၈၀၀၀ ကျော်ခဲ့ပြီဖြစ်သည်။

လက်ရှိကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနှစ်နိုင်ငံ




မှာ အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ဖြစ်သည်။ မြန်မာနိုင်ငံသည် အဆိုပါနိုင်ငံကြီးနှစ်နိုင်ငံကြားတွင်တည်ရှိပြီး လူဦးရေပေါက်ဖွားနှုန်းမြင့်မားသည့်နိုင်ငံတစ်နိုင်ငံနှင့်လည်း အိမ်နီးချင်းအဖြစ်နေထိုင်ရသည်။ မြန်မာနိုင်ငံ၏လူဦးရေပြောင်းလဲလာမှုကို လေ့လာကြည့်ပါက ၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၅၁ ဒသမ ၄ သန်းကျော်ရှိခဲ့သည်။

အဆိုပါသန်းခေါင်စာရင်းအပေါ်မူတည်၍ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏လူဦးရေမှာ ၅၆ ဒသမ ၂ သန်း ခန့်ဖြစ်လာမည်ဟုခန့်မှန်းခဲ့ကြသည်။ သို့သော် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရှေ့ပြေးလူဦးရေစာရင်းအရ လက်ရှိလူဦးရေမှာ ၅၁ ဒသမ ၃ သန်းကျော်သာ ရှိသည်။ မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းအရ အမျိုးသမီးတစ်ဦး ကလေးမွေးဖွားနှုန်းသည် ၄ ဒသမ ၇ ဦးရှိခဲ့သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ကလေး ၂ ဒသမ ၃ ဦးနှုန်းခန့်ထိ ကျဆင်းလာသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၂ ဒသမ ၁ ဦးနှုန်း အောက်သို့ကျဆင်းသွားခဲ့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ မွေးဖွားနှုန်းမှာ အစဉ်တစိုက်ကျဆင်းလာကြောင်း သိနိုင်သည်။ ဤသို့ဖြင့်လူဦးရေတဖြည်းဖြည်းသိသိသာသာ လျော့နည်းကျဆင်းလာခြင်းဖြစ်သည်။ လူဦးရေများပြားသည့်နိုင်ငံများနှင့် ယှဉ်တွဲနေထိုင်ရသည့်နိုင်ငံအတွက် လူဦးရေးနည်းပါးခြင်းမှာစိုးရိမ်ဖွယ်အခြေအနေဖြစ်သည်ဟုဆိုချင်သည်။ မြန်မာနိုင်ငံတွင် ရှေးယခင် မိဘဘိုးဘွားများလက်ထက်က အိမ်ထောင်စု တစ်ခုတွင်အနည်းဆုံးသားသမီး ငါးဦးခန့် အနည်းဆုံးရှိခဲ့ရာမှ ယနေ့အချိန်တွင် နှစ်ဦးခန့်သာရှိနေသည်မှာလည်း သတိပြုသင့်သော အချက်တစ်ချက်ဖြစ်သည်။

ယခင်လူဦးရေတိုးနှုန်းများအရ လူဦးရေတိုးပွားလာရမည်ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စာရင်းအချက်အလက်များအရ ၁၀ နှစ်တာကာလအတွင်းတွင် လူဦးရေ တိုးပွားလာခြင်းမရှိခြင်းကြောင့် လူဦးရေတိုးပွားနှုန်းကို တိုက်ရိုက်သက်ရောက်စေသည့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ ပြည်ပရွှေ့ပြောင်းနှုန်းများကို ဆန်းစစ်လေ့လာရန် လိုအပ်လာသည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် သက်ကြီးရွယ်အိုလူဦးရေများပြားလာမှုနှင့် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားပြီးလုပ်သားကဏ္ဍလိုအပ်ချက်များ များလာခြင်းကြောင့် လုပ်သားအင်အားရွှေ့ပြောင်းမှုများရှိနေခြင်းမှာ နိုင်ငံ့လူဦးရေလျော့နည်းမှုတစ်ရပ်ဖြစ်ခဲ့သည်။ လူ့စွမ်းအားအရင်းအမြစ်များလေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအင်ကို မထိခိုက်စေရေးတို့အတွက် ရွှေ့ပြောင်းနေထိုင်လာမှုများကိုလည်း သတိထားကိုင်တွယ် ဆောင်ရွက်ရမည်ဖြစ်သည်။

ဇူလိုင် ၁၁ ရက်တွင်ကျရောက်သည့် ကမ္ဘာ့လူဦးရေနေ့အတွက် ဆောင်ပုဒ်မှာ "လူဦးရေအချက်အလက်များကိုအခြေခံလို့ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ကိုတည်ဆောက်စို့"ဟူ၍ဖြစ်ပေရာ ဤဆောင်ပုဒ်မှာနိုင်ငံတိုင်းက မိမိနိုင်ငံရှိ လူဦးရေဆိုင်ရာ သတင်းအချက်အလက်များပေါ် မူတည်၍ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားလုပ်ဆောင်နေခြင်းကို ညွှန်ပြခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းလျက်ရှိရာတွင် အဆိုပါ လူဦးရေဆိုင်ရာ အချက်အလက်များကိုအခြေခံကာ ဆောင်ရွက်ရသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကောက်ယူခဲ့သော လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းပါ အချက်အလက်များပေါ်မူတည်၍ မိမိတို့နိုင်ငံတော်အတွက်လိုအပ်မည့် ရေတိုရေရှည်စီမံကိန်းများတွင် အသုံးပြုရသည်။ လူဦးရေပြောင်းလဲမှုဆိုင်ရာဖြစ်စဉ်များကို လေ့လာသုံးသပ်ပြီးနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာဆန်းစစ်ရသည်။ သန်းခေါင်စာရင်းက ရရှိလာသည့် လူဦးရေအချက်အလက်များမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်အခြေအနေများကို ပြသနေခြင်းဖြစ်သည်။ မှန်ကန်သည့်မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများချမှတ်နိုင်ရန်နှင့် စီမံကိန်းများရေးဆွဲနိုင်ရန်အတွက် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာစာရင်းအင်း အချက်အလက်များက များစွာအထောက်အကူဖြစ်စေသည်။

ထို့ပြင် ပြည်ထောင်စုအစိုးရအနေဖြင့် သယံဇာတအရင်းအမြစ်များခွဲဝေရန်၊ ဘဏ္ဍာငွေခွဲဝေချထားရန်၊ လိုအပ်သည့်နေရာများတွင် စာသင်ကျောင်း၊ ဆေးရုံနှင့်ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားစသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်ရန်၊ မသန်စွမ်းနှင့်သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် စသည့်စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင်လည်း မရှိမဖြစ်လိုအပ်သည့် အခြေခံအချက်အလက်များကို လူဦးရေအချက်အလက်များက ရရှိခြင်းဖြစ်သည်။

လူဦးရေပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုများအရ မကြာတော့မည့် အနာဂတ်ကာလတွင် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေသည် ကလေးဦးရေထက် ပိုမိုများပြားလာတော့မည်ဖြစ်သည်။ ထိုအချိန်တွင် တစ်သက်တာပညာသင်ယူမှုနှင့်ပြန်လည်လေ့ကျင့်သင်ကြားနိုင်မည့် အခွင့်အလမ်းများ၊ အသက်အရွယ်ပေါင်းစုံ အလုပ်လုပ်ကိုင်နိုင်သည့် လုပ်သားအင်အားစုများဖြစ်စေရန် ဖန်တီးပေးရန်လိုအပ်လာမည့် အခြေအနေဖြစ်လာနိုင်သည်။ ထို့ကြောင့် အသက်အရွယ်ကြီးရင့်လာသော်လည်း အလုပ်လုပ်ချင်စိတ်ရှိနေသေးသူများကို ပုဂ္ဂလိကအခန်းကဏ္ဍများတွင် အလုပ်လုပ်နိုင်မည့်အခွင့်အလမ်းများ ဖန်တီးပေးကြရမည်ဖြစ်သည်။

"လူဦးရေအချက်အလက်များကို အခြေခံလို့ ဖွံ့ဖြိုးတိုးတက်သောမြန်မာ့အနာဂတ်ကိုတည်ဆောက်စို့"ဟူသောဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများအနေဖြင့် အားလုံးမှာတူညီသောစိတ်ထားရှိရမည်မှာ ငါတို့နိုင်ငံကို ငါတို့ဖွံ့ဖြိုးတိုးတက်အောင် ငါတို့တတ်နိုင်သည့်ဘက်က ပါဝင်ဆောင်ရွက်မည်ဟူသော စိတ်ဓာတ်ကောင်းရှိကြရမည်ဖြစ်သည်။ လူများတိုင်းလည်း ပွဲမစည်နိုင်သလိုတစ်ခါတစ်ရံ၌ နည်းနည်းနှင့်ကျဲကျဲဝိုင်းမှအောင်မြင်သည်မျိုးလည်းရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ရှိထားသော လူဦးရေနှင့်အညီ နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**


## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## bebeetv Mobile Application နှင့် M Channel ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် မေ ၃၁ ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်



ရန်ကုန် ဇူလိုင် ၁၀

bebeetv Mobile Application နှင့် M Channel ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် မေ ၃၁ ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကို ဇူလိုင် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Zealax Hotel ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် သဇင်ထူးမြင့်ထံမှ သိရသည်။

အဆိုပါ မေ ၃၁ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်က ရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"အချစ်ကား ရိုက်ရတာပျော်တယ်။ အချစ်ကို အလေးအနက်ထားတတ်တဲ့ ဇာတ်ကောင်အနေနဲ့ ပါဝင်ထားပါတယ်။ စိုးရိမ်စိတ်တွေမရှိဘဲ ရိုမန့်တစ်ဆန်ဆန်ဟာသ ဇာတ်လမ်းပုံစံဖြစ်ပါတယ်။ ပေါ့ပေါ့ပါးပါးနဲ့ ချစ်စရာကောင်းတဲ့ ရိုက်ကွင်းမှာ ရိုက်ခဲ့ရတယ်။ လူငယ်သရုပ်ဆောင်တွေပဲ ပါဝင်ထားကြတဲ့ မေ ၃၁ ဇာတ်ကား ထွက်လာရင် အားပေးပါအုံး"ဟု သရုပ်ဆောင် သဇင်ထူးမြင့်က ပြောပြသည်။

မေ ၃၁ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် နေထွဋ်၊ ဝင်းခန့်မိုး၊ ဟိန်းသန့်ဇေ၊ ရဲမွန်၊ ဒေါင်းဝေ၊ ဝေရှိန်း၊ ယမင်းမေဦး၊ သဇင်ထူးမြင့်၊ ပြည့်ပြည့်ဘုန်းမြတ်၊ အေဏီဇော်၊ စင်သီယာ၊ ဆုမြတ်နိုးဇင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

## မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ရောင်စုံဝေဖြာ ပန်းရောင်ကမ္ဘာ ဂီတနှင့်သဘင်ရန်ပုံငွေဖျော်ဖြေပွဲ ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း(MWCDF)၏ ရောင်စုံဝေဖြာ ပန်းရောင်ကမ္ဘာ ဂီတနှင့် သဘင် ရန်ပုံငွေဖျော်ဖြေပွဲကို ဇူလိုင် ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ ဂီတနှင့် သဘင် ရန်ပုံငွေဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေမည့် တေးသံရှင် ဖြိုးပြည့်စုံထံမှ သိရသည်။

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း(MWCDF)၏ ရောင်စုံဝေဖြာ ပန်းရောင်ကမ္ဘာဟု အမည်ပေးထားသည့် အဆိုပါ ဂီတနှင့် သဘင်ရန်ပုံငွေဖျော်ဖြေပွဲကို အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ MWCDF က ကြီးမှူးကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။




"မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း(MWCDF) က ဦးစီးကျင်းပမဲ့ ဂီတနဲ့သဘင် ရန်ပုံငွေဖျော်ဖြေပွဲကို ဇူလိုင် ၂၅ ရက်မှာ အမျိုးသားဇာတ်ရုံ (ရန်ကုန်) မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ တေးဂီတဖျော်ဖြေမှု အပိုင်းမှာတော့ ကျွန်တော်နဲ့ မဟေမာနေဝင်း၊ ပိုပိုနဲ့ဂျူဝယ်တို့ပါဝင်မှာပါ။ သဘင်ဖျော်ဖြေမှုအပိုင်းကတော့ မင်းသားအောင်ဇမ္ဗူအဖွဲ့က ဖျော်ဖြေတင်ဆက်ပေးမှာဖြစ်ပါတယ်"ဟု တေးသံရှင် ဖြိုးပြည့်စုံက ပြောပြသည်။

အဆိုပါရောင်စုံဝေဖြာပန်းရောင်ကမ္ဘာ ဂီတနှင့်သဘင်ရန်ပုံငွေဖျော်ဖြေပွဲ၌ ဇာတ်သဘင်ဖျော်ဖြေမှုတွင် ဇာတ်မင်းသား အောင်ဇမ္ဗူနှင့်အဖွဲ့က ဖျော်ဖြေမည်ဖြစ်ပြီး တေးဂီတဖျော်ဖြေမှုတွင် တေးသံရှင် ဖြိုးပြည့်စုံ၊ ဟေမာနေဝင်း၊ ပိုပိုနှင့် ဂျူဝယ်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ASH

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပံ့ပိုးရန်အတွက် သရုပ်ဆောင် အေးချမ်းမောင်က ငွေကျပ် သိန်း ၂၀ လာရောက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပံ့ပိုးရန်အတွက် သရုပ်ဆောင် အေးချမ်းမောင်က အလှူငွေကျပ် သိန်း ၂၀ ကို ဇူလိုင် ၉ ရက်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းထံမှ သိရသည်။

အဆိုပါ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပံ့ပိုးလှူဒါန်းပွဲကို ဇူလိုင်လတတိယပတ်အတွင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်တွေရဲ့ သားသမီးတွေကို ပညာသင်စရိတ်၊ စာရေးကိရိယာနဲ့ ကျောင်းဝတ်စုံတွေ ပံ့ပိုးလှူဒါန်းပွဲအတွက် ရုပ်ရှင်အနုပညာရှင်တွေနဲ့ ရုပ်ရှင်ထုတ်လုပ်ရေးတွေက လာရောက် လှူဒါန်းနေပါတယ်။ သရုပ်ဆောင် အေးချမ်းမောင်က ဇူလိုင် ၉ ရက်က အလှူငွေကျပ် သိန်း ၂၀ လာရောက် လှူဒါန်းခဲ့ပါတယ်"ဟု ဦးကြည်စိုးထွန်းက ပြောပြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ရုပ်ရှင်လောကသားများဖြစ်သည့် ဒါရိုက်တာအလွှာ၊ တည်းဖြတ်မှတ်တမ်းအလွှာ၊ ဗီဒီယိုအလွှာ၊အဓိကသရုပ်ဆောင်အလွှာ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းအလွှာ၊ ပြဇာတ်နှင့်တေးဂီတအလွှာ၊ ဇာတ်ပို့ ဇာတ်ရံအလွှာ၊ အုပ်ချုပ်၊ ဖြန့်ချိအလွှာ၊ စက်မှုအလွှာတို့မှသားသမီး ဦးရေ ၁၃၀ ကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှင့် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ထီးနှင့် အသင့်စားခေါက်ဆွဲခြောက်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ASH

## Backrooms ဇာတ်ကား ကမ္ဘာတစ်ဝန်း ဝင်ငွေ ကန်ဒေါ်လာ သန်း ၁၅၀ ကျော်ရရှိ

နယူးယောက် ဇူလိုင် ၁၀

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Backrooms ထိတ်လန့်သည်းဖိုဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော် ရရှိထားကြောင်း ဇူလိုင် ၉ ရက် သတင်းများအရ သိရသည်။

Backrooms ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် ရုံတင်ပြီး ၃၇ ရက်အကြာတွင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

Backrooms ဇာတ်ကားသည် A 24ရုပ်ရှင်ကုမ္ပဏီအတွက် သမိုင်းတစ်လျှောက် ပြည်တွင်းဝင်ငွေနှင့် နိုင်ငံတကာဝင်ငွေ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် ရပ်တည်လျက်ရှိသည်။

Backrooms ဇာတ်ကားကို မေ ၂၉ ရက်တွင် A 24 ရုပ်ရှင်ကုမ္ပဏီက စတင်ရုံတင်ပြသခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Backrooms ဇာတ်ကားကို ဒါရိုက်တာ ကိန်းပါဆင်က တာဝန်ယူရိုက်ကူးပေးထားပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၀ သန်းသာရှိခဲ့ကြောင်း၊ အဆိုပါ ဇာတ်ကားတွင် မင်းသားရောဘတ်ဘိုရှေ့စကီး၊ ချီဝီတယ် အီဂျီယိုဖော်၊ မင်းသမီး ရီနာတီရိန်းစဖီးနှင့် လူကီတာမက်ဝဲတို့ ပါဝင်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## Basic Instinct ဇာတ်ကားသစ်၌ ကတ်သရင်းထရာမဲဇာတ်ကောင် ပြန်ပါဝင်မည်

နယူးယောက် ဇူလိုင် ၁၀

Amazon MGM စတူဒီယိုက ပြန်လည်ဆန်းသစ် ရိုက်ကူးမည့် Basic Instinct ဇာတ်ကားသစ်တွင် ကတ်သရင်းထရာမဲ ဇာတ်ကောင် ပြန်လည် ပါဝင်လာမည်ဖြစ်ကြောင်း ဇူလိုင် ၉ ရက် သတင်းများအရ သိရသည်။

Basic Instinct ဇာတ်ကားသစ်၌ကတ်သရင်းထရာမဲဇာတ်ကောင် ပြန်လည်ပါဝင်လာမည့်အစီအစဉ်ကို ဇာတ်ညွှန်းရေးဆရာ ဂျိုးအက်တာဟက်က အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Basic Instinct (1992) လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်တွင် ကတ်သရင်းထရာမဲဇာတ်ကောင်နေရာ၌ မင်းသမီး ရှာရွန်စတုန်း ပါဝင် သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Amazon MGM စတူဒီယို၏ Basic Instinct ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုးအက်တာဟက်ကပင် တာဝန်ယူရေးသားပေးမည် ဖြစ်ကြောင်း သိရသည်။

Amazon MGM စတူဒီယို၏ Basic Instinct ဇာတ်ကားသစ်၏ ကတ်သရင်းထရာမဲဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# Vice President Daw Nan Ni Ni Aye addresses National Committee on Social Protection meeting



Vice President Daw Nan Ni Ni Aye delivers a speech at the National Committee on Social Protection meeting.

**Nay Pyi Taw July 10**

The National Committee on Social Protection convened on the afternoon of July 10 at the Ministry of Social Welfare, Relief and Resettlement in Nay Pyi Taw, where Chairperson of the committee and Vice President of the Republic of the Union of Myanmar, Daw Nan Ni Ni Aye, delivered the opening address.

The meeting was attended by the committee's Vice Chairperson and members, including Union Ministers, Deputy Ministers, the Deputy Auditor General, heads of departments, and other responsible officials.

Vice President Daw Nan Ni Ni Aye, Chairperson of the National Committee on Social Protection, said that the social protection system is a fundamental pillar of national development, playing a vital role in ensuring social security for all citizens, reducing poverty, developing human resources, and supporting the country's economic and social progress.

She said social protection encompasses the policies, programmes, and measures systematically implemented by the government to protect individuals and households from economic and social risks, expand access to basic services, infrastructure, and economic opportunities, and mitigate sudden income losses and humanitarian crises caused by emergencies.

She said Myanmar's National Social Protection Strategy outlines eight key interventions: providing cash benefits to pregnant women and children up to two years of age; extending cash assistance to older children; offering cash support to persons with disabilities; implementing school feeding programmes; carrying out public employment and vocational training programmes; introducing social pension schemes; supporting peer groups for older persons; and delivering comprehensive social protection services. These initiatives are being implemented through four main pillars of social protection.

She stressed that the effective implementation of social protection programmes requires cooperation not only among government ministries but also with the private sector, domestic and international charitable organizations, and the public. She added that short-, medium-, and long-term plans should be developed to advance strategic programmes that have yet to be fully implemented. Noting that more than a decade has passed since the National Social Protection Strategic Plan was introduced, she said it is necessary to review and strengthen the country's social protection system to ensure it meets current needs and challenges.

She said social protection is not only a fundamental responsibility of the government but also a vital undertaking that directly benefits the people. In addition to improving the socio-economic well-being of citizens, social protection contributes to the country's sustainable development and represents an important long-term investment. Emphasizing the goal of "leaving no one behind," she urged participants to hold constructive discussions on ways to strengthen and effectively implement social protection systems across all relevant sectors.

Dr. Soe Win, Vice Chairperson of the National Committee on Social Protection and Union Minister for Social Welfare, Relief and Resettlement, briefed the meeting on the current progress of social protection activities and future implementation plans. Meanwhile, Dr. Thant Zaw Lwin, Secretary of the committee, reported on the progress made in implementing decisions from the previous meeting.

The attendees then presented updates on the implementation of social protection activities in their respective sectors and outlined future plans. Vice President Daw Nan Ni Ni Aye, Chairperson of the committee, provided guidance, coordinated the necessary measures, delivered the concluding remarks, and brought the meeting to a close. MNA

# Myinmu Township sees completion of growing rainfed sesame on more than 800 acres of croplands

**Myinmu July 10**

A total of 888 acres of croplands have been placed under rianfed sesame in Myinmu Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 monsoon crop cultivation season, Myinmu Township has planned to cultivate 19,050 acres of rainfed sesame. Cultivation began in May this year, and it has been reported that 888 acres have been planted to date.

"This year, during the monsoon crop cultivation season, Myinmu Township has planned to cultivate more than 19,000 acres of rainfed sesame. As of today, 888 acres have already been cultivated. We are also making arrangements to ensure that the target acreage is fully achieved. We are working to expand sesame cultivation areas, improve yields, and promote cultivation using Good Agricultural Practices (GAP) methods," said U Soe Paing, Head of the Myinmu Township Agriculture Department.

This year, the Myinmu Township Agriculture Department has been providing awareness and technical guidance to rainfed sesame farmers to expand sesame cultivation, adopt proper cultivation methods and GAP practices, use quality and pure seeds, and grow high-yielding varieties.

Crops cultivated and produced under the GAP system have better quality and can fetch higher prices compared to crops produced using other cultivation methods. They also have the advantage of being marketable not only in domestic markets but also in international markets. Therefore, farmers producing crops under the GAP system are expected to gain greater economic benefits and improve their socioeconomic conditions.

206

# Cancer cases to soar worldwide – WHO

**Geneva July 10**

New cancer cases are projected to nearly double worldwide by 2050, with the disease expected to affect more than 90% of the global population in some way, the World Health Organization (WHO) has warned.

In a report released on Wednesday, the agency said cancer remains the world's second-leading cause of death after cardiovascular disease, claiming more than 26,000 lives daily. It estimates there are currently nearly 10 million deaths and 20.6 million new cases annually, warning that without urgent action the latest figure will rise to 35 million by 2050. One in five people is expected to develop cancer during their lifetime, with lung cancer remaining its deadliest form.

Despite rapid advances in treatment, the WHO says survival increasingly depends on where patients live and their financial circumstances. Five-year survival for breast and childhood cancers exceeds 85% in high-income countries but falls below 45% in low-income nations, it estimates.

Twenty-three countries lack radiotherapy facilities, two-thirds do not include cancer care in universal health coverage, and treatment costs force up to 90% of patients in some regions to abandon care. Overall, at least 45% of patients face financial hardship, making cancer a leading cause of medical bankruptcy worldwide.

RT



# Another illegal eight-story building used in online scam and gambling activities systematically destroyed in Shwe Kokko, bringing total number of destroyed buildings to 71

**Preparations to demolish the building using explosives.**



**An illegal eight-story building in Shwe Kokko, Myawaddy District, Kayin State, used for online scam and illegal gambling operations.**

**The building after demolition.**



**An illegal eight-story building in Shwe Kokko, Myawaddy District, Kayin State, used for online scam and illegal gambling operations.**

**Nay Pyi Taw July 10**

Joint departmental teams are currently carrying out the permanent demolition of illegal buildings and the systematic destruction of equipment used in operations within the Shwe Kokko and KK Park areas of Myawaddy Township, Kayin State, which had served as bases for online scams and gambling activities. In line with these operations, it is reported that another illegal eight-story building within the Shwe Kokko area was systematically detonated and demolished today.

Out of 77 buildings used for committing online scam and gambling activities within the Shwe Kokko area, targets have been categorized by building type for systematic demolition, consisting of 57 buildings to be demolished using heavy machinery and 20 buildings to be destroyed by detonation. Regarding these operations, it is reported that another illegal eight-story building, out of the 20 structures designated for demolition by detonation, was systematically demolished today.

To date, joint departmental teams have systematically demolished and destroyed a total of 71 illegal buildings used in committing online scam and gambling activities. According to reports, operations will continue to systematically destroy the remaining 6 illegal buildings. 100

# More than 1,000 acres of pigeon pea planted in Kani Township



**A pigeon pea plantation.**

**Kani July 10**

Statistics of Kani Township Agriculture Department stated that local farmers have planted more than 1,000 acres of pigeon pea as monsoon crops in Kani Township of Sagaing Region.

During the 2026-2027 monsoon crop cultivation season, Kani Township has planned to cultivate 15,393 acres of pigeon pea. Cultivation began in May this year, and it has been reported that 1,022 acres have been planted to date.

"This year, during the monsoon crop cultivation season, Kani Township has planned to cultivate more than 15,000 acres of pigeon pea. As of today, more than 1,000 acres have already been cultivated. We are making arrangements to ensure that the target acreage is achieved. We are also working to improve pigeon pea yields. Pigeon pea is cultivated as a standalone crop as well as an intercrop," said Daw Saw Thandar Nwe, Head of the Kani Township Agriculture Department.

This year, the Township Agriculture Department in Kani Township has been providing field-based awareness training to pigeon pea farmers on selecting and cultivating quality and pure seeds, adopting proper cultivation methods, preventing pest and disease risks, and improving yields.

The Township Agriculture Department in Kani Township is also disseminating technologies that combine urea and borax application to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The use of urea and borax has helped reduce cultivation costs, protect plants from pest attacks, and promote better plant growth.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံကာကွယ်ရေးကုမ္ပဏီက WRATH ဒရုန်းများကို အလွယ်တကူပစ်လွှတ်နိုင်သော ဒရုန်းပစ်လွှတ်တင်စင်နမူနာပုံစံကို တီထွင်ခဲ့



အိန္ဒိယနိုင်ငံကာကွယ်ရေး ကုမ္ပဏီတစ်ခုဖြစ်သော N3X Defence သည် ၎င်းထုတ်လုပ်ထားသော WRATH ဒရုန်းများကို အလွယ်တကူပစ်လွှတ်နိုင်သော ဒရုန်းပစ် လွှတ်တင်စင်နမူနာပုံစံကို တီထွင်ခဲ့ကြောင်း Next Gen Defense သတင်းဌာနက ဇူလိုင် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကုမ္ပဏီထုတ်ပြန်ထားချက်များအရ အဆိုပါ ဒရုန်းပစ်လွှတ်တင်စင်သည် ရွှေ့လျားစစ်ကစားနိုင်စွမ်းမြင့်မားကောင်းမွန်သော စစ်သုံးမော်တော်ယာဉ်တစ်စီးပေါ်တွင် WRATH ဒရုန်းငါးစင်းထည့်သွင်းထားသော ကွန်တိန်နာသေတ္တာပုံစံပစ်လွှတ်တင်စင်တစ်ခုဖြစ်သည်။

စစ်မြေပြင်တွင် သတ်မှတ်ထားသော နေရာသို့ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ဟိုက်ဒရောလစ်စနစ်က ဒရုန်းပစ်လွှတ်တင်စင်ကိုလိုအပ်သော အနေအထားသို့ မြှင့်တင်ပေးပြီးနောက် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို စတင်ဖြန့်ကြက် လွှတ်တင်ခြင်းဖြစ်သည်။ ယခုကဲ့သို့ စစ်သုံးမော်တော်ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် မောင်းသူမဲ့လေယာဉ်များ ဒရုန်းပစ်လွှတ်တင်စင်ပုံစံသည် ဒရုန်းများကို လွှတ်တင်ပြီးသည်နှင့် စစ်ဆင်ရေးအဖွဲ့သားများအနေဖြင့် အခြားတစ်နေရာသို့ လျင်မြန်စွာ ပြန်လည်ရွှေ့ပြောင်းနိုင်ရန် ဒီဇိုင်းဆွဲထားခြင်းဖြစ်ပြီး၊ ရန်သူ့ဘက်မှ ပစ်မှတ်ထားခြင်း၊ တန်ပြန်ပစ်ခတ်ခြင်းနှင့် ရန်သူ့ဒရုန်းများဖြင့် လာရောက်တိုက်ခိုက်ခြင်း စသည့်အန္တရာယ်များကို လျှော့ချပေးနိုင်သည်။

ဒရုန်းငါးစင်းထိ ထည့်သွင်းသယ်ဆောင်ထားနိုင်သော ပစ်လွှတ်စင်ကြောင့် ၎င်းတို့ကို လွှတ်တင်ပြီးနောက်တွင် ချက်ချင်း နောက်ထပ်ဒရုန်းများ ထပ်မံဖြည့်တင်းရန်မလိုအပ်ဘဲ တစ်စင်းပြီးတစ်စင်း ဆက်တိုက်ပစ်လွှတ်နိုင်သဖြင့် ကင်းထောက်ခြင်း၊ ဒရုန်းအုပ်စုလိုက် တိုက်ခိုက်ခြင်းနှင့် အခြားဗျူဟာမြောက် စစ်ဆင်ရေးများကို ကောင်းစွာပံ့ပိုးပေးနိုင်သည်။ ထို့ပြင် ဒရုန်းများကို လေလုံစက္ကူဘူး သို့မဟုတ် အလုံပိတ်ကွန်တိန်နာဘူးများထဲတွင် သိမ်းဆည်းထားခြင်းကြောင့် ပုံမှန်ပြုပြင် ထိန်းသိမ်းမှုလိုအပ်ချက်ကို လျှော့ချပေးနိုင်သည့်အပြင် သိုလှောင်ထားစဉ်အတွင်း ဘေးအန္တရာယ်မှ ပိုမိုကာကွယ်ပေးနိုင်ပြီး ဒရုန်းစနစ်များကို စစ်ဆင်ရေးအတွက် အမြဲတမ်းအဆင်သင့် ဖြစ်နေစေရန် ကူညီပေးနိုင်မည်ဟု မျှော်လင့်ရသည်။

WRATH ဒရုန်းများကို စစ်ဆင်ရေးအမျိုးမျိုးကို ပံ့ပိုးပေးနိုင်ရန်အတွက် ဒီဇိုင်းဆွဲထားခြင်းဖြစ်ပြီး၊ စဉ်ဆက်မပြတ် သတင်းအချက်အလက် စုဆောင်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်း စသည့် စွမ်းဆောင်ရည်များကိုလည်း ပေးစွမ်းနိုင်သည်။ ၎င်း၏ တာရှည်ခံပျံသန်းနိုင်သော ဒီဇိုင်းကြောင့် စစ်ဆင်ရေးအချိန်ကို ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်သဖြင့် အချိန်တွက်ချက်ရမည့် တာဝန်များကို မလုပ်ဆောင်မီ သို့မဟုတ် ကွပ်ကဲမှုဌာနချုပ်များဆီသို့ အချက်အလက်များ မပေးပို့မီ ပစ်မှတ်ဧရိယာကို အချိန်အတော်ကြာအောင် စောင့်နိုင်စွမ်းရှိသည်။ လမ်းကြောင်းရှာဖွေမှုစနစ် အတွက်မူ ယခုဒရုန်းသည် အမြင်အာရုံအခြေခံ မြေမျက်နှာသွင်ပြင်မြေပုံဆွဲစနစ်နှင့် ကိုယ်ထည်ပေါ်ပါ အလိုအလျောက် တွက်ချက်နိုင်သည့် စစ်ဆင်ရေးစနစ်တို့အပေါ်တွင်သာ တီထွင်ထားသည်။ ထို့ကြောင့် ပြင်ပမှ စဉ်ဆက်မပြတ် လမ်းညွှန်ထိန်းချုပ်မှုပေးရန်မလိုဘဲ သီးခြားလွတ်လပ်စွာ ပျံသန်းနိုင်သည်။ ယခု အသစ်မိတ်ဆက်လိုက်သည့် ယာဉ်တင်ပစ်လွှတ်စင်နှင့် တွဲဖက်လိုက်သောအခါ WRATH ဒရုန်းကို မတူညီသော နေရာအသီးအသီးမှ လျင်မြန်စွာ ဖြန့်ကြက် လွှတ်တင်နိုင်မည်ဖြစ်ရာ၊ အနာဂတ်စစ်မြေပြင် စစ်ဆင်ရေးများအတွက် ပြောင်းလွယ်ပြင်လွယ်ရှိသော စစ်နည်းဗျူဟာတစ်ရပ်ကို ကျင့်သုံးအကောင်အထည်ဖော်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**India Gives Drone Launches a Faster Exit Strategy** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန် Raytheon ကုမ္ပဏီက ဥရောပကာကွယ်ရေးကုမ္ပဏီများနှင့်ပူးပေါင်း၍ Stinger ဒုံးကျည်ထုတ်လုပ်မှု နှစ်ဆတိုးမြှင့်ရန် စီစဉ်နေ

အမေရိကန်နိုင်ငံ RTX ကုမ္ပဏီလက်အောက်ရှိ Raytheon သည် ဥရောပကာကွယ်ရေး ကုမ္ပဏီများနှင့် ပူးပေါင်း၍ Stinger မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်ထုတ်လုပ်မှုကို နှစ်ဆတိုးမြှင့်ရန် စီစဉ်နေကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၈ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ဥရောပတွင် Stinger ဒုံးကျည်များ ထုတ်လုပ်ရန် ၂၀၂၅ ခုနှစ် ဩဂုတ်လက လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာကို အခြေခံ၍ Raytheon ကုမ္ပဏီသည် ဒုံးကျည်၏လမ်းကြောင်းပြအပိုင်းကို ထုတ်လုပ်ရန်အတွက် Diehl Defence ကုမ္ပဏီကို တာဝန်ပေးအပ်ခဲ့သည်။ ထို့ပြင် အဆိုပါ ဒုံးကျည်အတွက် လိုအပ်သော အစိတ်အပိုင်းများကိုလည်း ဥရောပတစ်ဝန်းရှိ ပေးသွင်းသူ ကုမ္ပဏီများထံမှ ရယူသွားမည်ဖြစ်သည်။

Raytheon ကုမ္ပဏီသည် Stinger ဒုံးကျည်၏ အဓိကအစိတ်အပိုင်းများကို ထုတ်လုပ်ရန် နယ်သာလန်နိုင်ငံရှိ ကုမ္ပဏီများနှင့်လည်း လက်တွဲဆောင်ရွက်နေပြီး နောက်ဆုံး အဆင့်တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းနှင့် အပြီးသတ်ထုတ်လုပ်ခြင်းများကို နယ်သာလန်နိုင်ငံတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ခြင်းသည် စစ်မြေပြင်တွင် အောင်မြင်မှုများရရှိထားသည့် အဆိုပါ ဒုံးကျည်အပေါ် ဥရောပနိုင်ငံများ၏ တပ်မတော်များမှ တောင်းဆိုမှုများကို ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ပြီး NATO အဖွဲ့၏ ပံ့ပိုးကူညီရေးနှင့် ဝယ်ယူရေးအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း အထောက်အကူ ပြုမည်ဖြစ်ကြောင်း သိရသည်။

"ဒီလုပ်ဆောင်ချက်ဟာ ကျွန်ုပ်တို့ရဲ့ စက်မှုအခြေခံအုတ်မြစ်ကို ပိုမိုခိုင်မာစေပြီး ကမ္ဘာလုံးဆိုင်ရာကွန်ရက်ကို ပိုမိုကျယ်ပြန့်လာစေပါတယ်။ ဒါဟာ ကျွန်ုပ်တို့ရဲ့ မဟာမိတ်နိုင်ငံတွေအနေနဲ့ ဒီအရေးပါတဲ့ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ယုံကြည်စိတ်ချစွာ ရရှိနိုင်စေမှာဖြစ်ပါတယ်"ဟု Raytheon ကုမ္ပဏီ၏ မြေပြင်နှင့်ဝေဟင် ကာကွယ်ရေးစနစ်ဆိုင်ရာ ဥက္ကဋ္ဌ Tom Laliberty က ပြောကြားသည်။



အမေရိကန်ထုတ် FIM-92 Stinger သည် မြေပြင်တပ်ဖွဲ့များ ပခုံးထမ်းပစ်ခတ်နိုင်သည့် ပေါ့ပါးသော ဒုံးကျည်တစ်မျိုးဖြစ်ပြီး ဒရုန်းများနှင့် ရဟတ်ယာဉ်ကဲ့သို့သော အနိမ့်ပျံသန်းသည့် လေယာဉ်များကို တိုက်ခိုက်ရန် အသုံးပြုသည်။ ၁၉၈၁ ခုနှစ်တွင် အမေရိကန်ကြည်းတပ်၌ စတင်အသုံးပြုခဲ့သည့် Stinger ဒုံးကျည်သည် ယူကရိန်းပဋိပက္ခအတွင်း ထိရောက်မှုရှိကြောင်း သက်သေပြနိုင်ခဲ့ပြီးနောက်ပိုင်းနှင့် စစ်မြေပြင်တွင် ဒရုန်းခြိမ်းခြောက်မှုများ များပြားလာပြီးနောက်ပိုင်းတွင် လိုအပ်ချက်များ လွန်စွာမြင့်တက်လာခဲ့သည်။

Raytheon ကုမ္ပဏီသည် ပခုံးထမ်း လေကြောင်းရန်ကာကွယ်ရေးစနစ် (MA-NPADS) များ၏ ထုတ်လုပ်မှုကို တိုးမြှင့်နေသကဲ့သို့ အမေရိကန်ကြည်းတပ်သည်လည်း ၎င်း၏နောက်ဆက်တွဲ စနစ်သစ်ဖြစ်သည့် Next-Generation Short-Range Interceptor (NGSRI) ဒုံးကျည်စနစ်ကိုတီထွင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Raytheon Teams With European Defense Firms to Double Stinger Missile Production** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယင်းမာပင် ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင် မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်မြို့နယ်တွင် ပဲတီစိမ်း ၅၄၆၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမ ပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၁၂ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ ပဲတီစိမ်း ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ် ပါတယ်။ လျာထားဧကပြည့်မီ အောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက် ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယခုနှစ် ယင်းမာပင်မြို့နယ် တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေ ဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက် နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျ ရောက်မှုကင်းရှင်းရေး၊ သဘာဝ ပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ် စေရေး၊ ဓာတ်မြေသြဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန် ရေးတို့ကို အသိပညာပေး ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင် သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း ယင်းမာပင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)




# ခရမ်းမြို့နယ် ပန်တောချောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



ခရမ်း ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး ခရမ်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက ပန်တောချောင် ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ခရမ်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင် နီယာဝန်ထမ်းများက ပန်တော ချောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းကို ရေရှည် တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ လမ်း အရှည် ပေ ၅၀၀၊ အကျယ် ခုနစ် ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို မြစိမ်း ရောင်ကျေးရွာစီမံကိန်း အတိုးရ ငွေ ကျပ် ၁၆၂ သိန်း၊ ပြည်သူထည့် ဝင်ငွေကျပ် သိန်း ၂၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း များ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် မေလ ဒုတိယပတ်က စတင်အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး၊ အဆိုပါ ကျေးရွာရှိ ကျေးလက်နေပြည်သူ များအတွက် လမ်းပန်းဆက်သွယ် ရေးအဆင်ပြေလွယ်ကူကာ ရာသီ မရွေးသွားလာနိုင်ပြီ ဖြစ်ကြောင်း ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင် ထံမှ သိရသည်။

မောင်ခိုင်

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ချင်းပိဿာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဓနုဖြူ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူ မြို့နယ်တွင်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ချင်း ပိဿာချိန် ၄၀၀၀၀ ထိ တင်ပို့ နိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ပြီးခဲ့သည့် မေလတစ်လအတွင်းက ချင်း ပိဿာချိန် ၂၅၀၀၀ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ချင်းပိဿာ ချိန် ၄၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ချင်းများ တင်ပို့ရောင်းချအား ကောင်းခဲ့သည့်အတွက် ချင်းစိုက် ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ချင်းပိဿာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချ ခဲ့ရပါတယ်။ တင်ပို့အား ကောင်းလာတော့ ချင်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင် သူတွေ အဓိကအဆင်ပြေတာ တွေ့ရပါတယ်။ ဒေသထွက် ချင်း တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချနေပါတယ်။ ဒေသမှာက ချင်းကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးတဲ့ သူတွေများတယ်။ အခြားဒေသ တွေလောက် အများကြီးမထွက် ပေမဲ့ ပုံမှန်ထွက်ရှိနေပါတယ်" ဟု ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိ ထွန်းက ပြောပြသည်။



ဓနုဖြူမြို့နယ်မှ တင်ပို့ ရောင်းချသည့် ချင်းတစ်ပိဿာ လျှင် ငွေကျပ် ၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကဝမြို့နယ် ညောင်ဝိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေး

ကဝ ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ဝိုင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ချွေဇင်က မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက် နေပြည်သူများ ဆင်းရဲမှုလျှော့ကျ စေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေ လုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေ တိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာ များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ် ချက်များ၊ ကျေးလက်နေပြည်သူ များ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ် များကို အသေးစိတ်ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၂၀ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် ညောင်ဝိုင်းကျေးရွာ ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆီထွက် သီးနှံ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ ကို စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၂၀ ကို အတိုး နှုန်းသက်သာစွာဖြင့် ထုတ်ချေး ပေးထားကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ချွေဇင်က ပြောပြ၍ သိရသည်။

သုတ



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် International Leadership College(ILC)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အတူ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် International Leadership College (ILC) မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်း ၁၂၀ ကျော်ကို ပြည်သူ့လွှတ်တော် အစည်းအဝေးပြီးချိန် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံသဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းသား၊ ကျောင်းသူများကို အနာဂတ်လူငယ်အုတ်တစ်ချပ် သဲတစ်ပွင့် Video Clip ကို ဦးစွာပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ International Leadership College(ILC)မှဘွဲ့ကြို၊မဟာဘွဲ့၊ဒေါက်တာဘွဲ့ တက်ရောက်နေသော ကျောင်းသား၊ကျောင်းသူများပါဝင်သည့် ပညာတတ်လူငယ်များ ဦးဆောင်၍ မိမိတို့ပြည်သူ့လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် လွှတ်တော်အနေဖြင့် လွန်စွာဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ မဲဆန္ဒနယ်အသီးသီးရှိ မဲဆန္ဒရှင်ပြည်သူများက မိမိတို့၏ ရပ်ရွာ၊ ဒေသအကျိုးကိုဆောင်ရွက်ပေးနိုင်ရန်အတွက် ယုံကြည်အားကိုးစွာဖြင့် ဒီမိုကရေစီနည်းလမ်းအတိုင်း ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များ စုဝေးရှိနေသည့်နေရာတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်နိုင်ငံ၏အကျယ်အဝန်း၊ လူဦးရေအပေါ်မူတည်ပြီး လွှတ်တော်နှစ်ရပ်စနစ် (bicameral)နှင့် လွှတ်တော်တစ်ရပ်စနစ်(unicameral) ဟူ၍ ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကိုကျင့်သုံးပါကြောင်း၊ မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များပါဝင်သည့် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ ရွေးကောက်ပွဲဥပဒေနှင့်အညီ အချိုးကျ ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များပါဝင်သည့် အမျိုးသားလွှတ်တော်တို့ဖြစ်ပါကြောင်း၊ အဆိုပါလွှတ်တော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ရသည့် ပြည်ထောင်စုလွှတ်တော်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း လွှတ်တော်တစ်ရပ်စီရှိကြပါကြောင်း။

လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒေ၏အကာအကွယ်အောက်တွင် ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် ဥပဒေပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်သူများ၏လိုလားချက်၊ ဆန္ဒများကို ရုပ်လုံးဖော်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူကိုကိုယ်စားပြုဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသောမဏ္ဍိုင်များနှင့် အချင်းချင်း အပြန်အလှန်ထိန်းညှိပေါင်းစပ်ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း။

ထိုသို့လွှတ်တော်၏ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကော်မတီများကို ဖွဲ့စည်းထားရှိပြီး ၎င်းကော်မတီများသည် လွှတ်တော်ငယ်များအဖြစ် လည်းကောင်း၊ ဒေါက်တိုင်များအဖြစ်လည်းကောင်း အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပါကြောင်း၊ ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် လွှတ်တော်တွင် ပညာရေးမြှင့်တင်မှု ကော်မတီတစ်ရပ်ကို ထည့်သွင်းဖွဲ့စည်းထားပါကြောင်း၊ အဆိုပါကော်မတီတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်၊ အဓိကရည်မှန်းချက်များ ပညာရေးကဏ္ဍ မြင့်မားစေရန် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်သို့ လာရောက်လေ့လာကြသည့် ကျောင်းသား၊ကျောင်းသူများအနေဖြင့်လည်း မိမိတို့၏ရည်မှန်းချက်၊ မျှော်လင့်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကိုယုံကြည်အားကိုးကြစေလိုပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏အနာဂတ်ခရီး ခိုင်မာစေရေးအတွက် လွှတ်တော်နှင့် ယုံယုံကြည်ကြည်လက်တွဲဆောင်ရွက်ကြရန်လည်း လွှတ်တော်က အမြဲတမ်းတံခါးဖွင့်ဖိတ်ခေါ်ပါကြောင်း၊ နောင်တွင် လွှတ်တော်၌ "လူငယ်စကားဝိုင်းများ၊ လူငယ်ဆွေးနွေးပွဲများ၊ Open Parliament ပုံစံများ" ပြုလုပ်မည့် အစီအစဉ်များလည်းရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြည်သူ့လွှတ်တော်၏ အခန်းကဏ္ဍ၊ ဥပဒေပြုရေးအဆင့်ဆင့်၊ ပညာရေးကဏ္ဍများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က တက်ရောက်လာကြသည့် International Leadership College (ILC) မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**ရှေ့ဖုံးမှအဆက်**

ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံမဏ္ဍိုင်တစ်ခုဖြစ်ပြီး ပြည်သူအားလုံး လူမှုဘဝလုံခြုံမှုရရှိစေရေး၊ ဆင်းရဲမှုလျှော့ချနိုင်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုပြီး အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများကို စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍများတွင် အန္တရာယ်ကျရောက်နိုင်မှုများမှ ကြိုတင်ကာကွယ်ပေးရေး၊ အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ အပါအဝင် စီးပွားရေးအခွင့်အလမ်းများ မြှင့်တင်ပေးနိုင်ရေး၊ ရုတ်တရက်ဝင်ငွေဆုံးရှုံးမှုများနှင့် အရေးပေါ်အခြေအနေများကြောင့် ဖြစ်ပေါ်လာသည့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အခက်အခဲအကျပ်အတည်းများ စီမံဖြေရှင်းနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရက မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အစီအမံများဖြင့် စနစ်တကျ ချမှတ်ဆောင်ရွက်ပေးရသည့် လုပ်ငန်းစဉ်များပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်တွင် အဓိကလုပ်ငန်းစဉ် ရှစ်ရပ်ဖြစ်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက် နှစ်နှစ်အရွယ်ထိ ကလေးသူငယ်များကိုထောက်ပံ့ငွေပေးအပ်ခြင်း၊ ယင်းထောက်ပံ့ငွေကို အသက်ပိုကြီးသော ကလေးများအတွက် အဆင့်ဆင့်တိုးချဲ့ထောက်ပံ့ခြင်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးသော အစီအစဉ်များဆောင်ရွက်ခြင်း၊ အများပြည်သူ အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးအစီအစဉ်များဆောင်ရွက်ခြင်း၊ လူမှုရေးပင်စင်အစီအစဉ်ဆောင်ရွက်ခြင်း၊ သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များကို ထောက်ပံ့ခြင်းနှင့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ရေးဆွဲထားရှိကြောင်း၊ အဆိုပါမဟာဗျူဟာစီမံချက်ကိုလူမှုကာကွယ်စောင့်ရှောက်ရေး၏အဓိကအပိုင်းကဏ္ဍလေးရပ်တို့ဖြင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဝန်ကြီးဌာနများအလိုက် လက်ရှိဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်များ ထိရောက်အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပ ပရဟိတအဖွဲ့အစည်းများ သာမက ပြည်သူများပါ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မဟာဗျူဟာလုပ်ငန်းစဉ်များအနက်မှ အပြည့်အဝဆောင်ရွက်နိုင်ခြင်း မရှိသေးသည့် လုပ်ငန်းစဉ်များကိုလည်း ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက်သွားကြရန် အထူးမှာကြားလိုကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ခဲ့သည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်သဖြင့် ပြန်လည်သုံးသပ်ကာ ခေတ်နှင့်လျော်ညီပြီး ပိုမိုခိုင်မာသည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ်တည်ဆောက်သွားရန် လိုအပ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းရပ်များဖြစ်သကဲ့သို့ ပြည်သူလူထုကို အမှန်တကယ်တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးသည် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး အရေးပါသည့် ရင်းနှီးမြှုပ်နှံမှု တစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် "မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်စေရ"ဆိုသည့် ရည်မှန်းချက်ဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များပိုမိုအားကောင်းလာစေရေးအတွက် တက်ရောက် လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို သုံးသပ်အကြံပြုဝိုင်းဝန်းဆွေးနွေးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်တက်ရောက်လာကြသူများက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှေ့ဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ကျင်းပသည့် ၁၆ ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်



**နေပြည်တော် ဇူလိုင် ၁၀**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၆ ရက်မှ ၉ ရက်ထိ ကျင်းပခဲ့သည့် ၁၆ ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ(အင်နိုပရွန်)သို့ တက်ရောက်ဆွေးနွေးခဲ့သည်။

ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ၁၆ ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် စက်မှုကုန်စည်ပြပွဲ(အင်နိုပရွန်) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံ ၅၀ မှ ကိုယ်စားလှယ်များနှင့်အတူတက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး မစ္စတာအန်တွန်အယ်လ်လီခါနော့ဗ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် "ရုရှား-အင်ဒိုနီးရှားစက်မှုလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ"သို့ နိုင်ငံတကာမှ တက်ရောက်လာသည့် ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။ ထို့နောက် ယီကာကျီရင်ဘတ်မြို့ စကိုကိုဗာ အင်နိုဗေးရှင်းစင်တာခန်းမ၌ စကိုကိုဗိုတက်ခ်နိုပက်ခ်၏ ဒါရိုက်တာဖြစ်သူ မစ္စ အော်လ်ဂါစလိုမင်းစကာယာနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ယီကာကျီရင်ဘတ်မြို့၌ Tyazhpromexport(TPE) ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးပြီး စက်မှုကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ဇူလိုင် ၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဆဗ်ဲလေ့ဗ်ပြည်နယ်အစိုးရအဖွဲ့ ပြည်ပစီးပွားရေးရာဝန်ကြီး မစ္စတာဗရာချီးဆလာ့ဗ်ရာရင်နှင့် လည်းကောင်း၊ ဆဗ်ဲလေ့ဗ်ပြည်နယ် Entrepreneurship Support Fund မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ Sistema Joint Stock Financial Cooperation မှ တာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးပြီး Skolkovo ပြခန်း၌ ရုရှားနိုင်ငံ၏ MSME များဆောင်ရွက်နေမှုနှင့် ရုရှားနိုင်ငံ Yekaterin-burg မြို့ရှိ Uralhimmash စက်ရုံတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့သို့ရောက်ရှိပြီး Tyazhpromexport (TPE)ကုမ္ပဏီ၌ TPE, MISIS & Stalproket နှင့်တွေ့ဆုံဆွေးနွေးကာ မော်စကိုမြို့အနီးရှိ Skolkovo Technopark ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ မွန်းလွဲပိုင်းတွင် မော်စကိုလေဆိပ်မှ ထွက်ခွာလာရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၀**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိတပ်မတော်ဆေးရုံ၊ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၀**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရားရုံးများ အဂတိကင်းစင်ရေး ညွှန်းကိန်းများ သတ်မှတ်ပေးရေး၊ လမ်းများအဆင့်မြှင့်တင်ပေးနိုင်ရေး၊ စားသုံးသူရေးရာကာကွယ်ရေးဥပဒေကို ဖြည့်စွက်ပြင်ဆင်ပေးရေး၊ ရေဘေးလွတ်ရာသို့ ကျေးရွာပြောင်းရွှေ့ပေးနိုင်ရေး၊ ယာဉ်ရပ်နားစခန်းတည်ဆောက်ပေးရေး၊ ငါးဖမ်းစက်လှေများ၏ ကမ်းနီးဝင်ရောက်ငါးဖမ်းမှုကို ဥပဒေအရ ထိရောက်စွာ တားဆီးအရေးယူပေးရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **တရားသူကြီးများ၏ ကျင့်ဝတ်ဖောက်ဖျက်မှုနှင့် အဂတိလိုက်စားမှုများကိုတိုင်ကြားနိုင်သည့် လွတ်လပ်သောတိုင်ကြားစာယန္တရားကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် တရားရုံးအဆင့်ဆင့်၏ အဂတိကင်းစင်မှုနှင့် အရည်အသွေးကို တိုင်းတာသည့် ညွှန်းကိန်းများ သတ်မှတ်ထားခြင်းရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုက မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးကာလ၌ အဂတိလိုက်စားခြင်းများကို တားမြစ်ရန် ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအသစ်ကို ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူမည်သူ့ကိုမဆို ကင်းလွတ်ခွင့်ပေးထားခြင်းမရှိကြောင်း။

မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများတွင် တာဝန်ထမ်းဆောင်ကြသည့် တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရသည့်အပြင် တစ်ဖက်တွင်လည်း တရားစီရင်ရေးကျင့်ဝတ်များကို လိုက်နာရန် တာဝန်ရှိပါကြောင်း၊ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကိုလည်း ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူရန်မသင့်၍ လွှဲပြောင်းပေးသည့်တိုင်စာများ၊ နိုင်ငံတော်သမ္မတရုံးက လွှဲပြောင်းပေးပို့သည့်တိုင်စာများ၊ မိမိတို့ဌာနသို့ တိုက်ရိုက်တိုင်ကြားသည့် တိုင်စာများအပေါ်တွင် ကျင့်ဝတ်ဖောက်ဖျက်မှု၊ ဝန်ထမ်းစည်းကမ်း ဖောက်ဖျက်မှုများရှိကြောင်း အခြေအမြစ်ရှိပါက ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုများဆောင်ရွက်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဌာနဆိုင်ရာပြစ်ဒဏ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားရေးအရာရှိများနှင့် ဝန်ထမ်းများအပေါ် ပြစ်ဒဏ်ချမှတ်ခဲ့သည့် အချက်အလက်များကိုလည်း တရားရုံးနှစ်စဉ်အစီရင်ခံစာများတွင် ပွင့်လင်းမြင်သာစွာ ထည့်သွင်းဖော်ပြလျက်ရှိပါကြောင်း။

တရားရုံးအဆင့်ဆင့်၏ အဂတိကင်းစင်မှုနှင့် အရည်အသွေးကို တိုင်းတာသည့် ညွှန်းကိန်းများ သတ်မှတ်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ရပ်အဖြစ်မှတ်သားထားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အကြံဉာဏ်များရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရားသူကြီးများ၏ ကျင့်ဝတ်ဖောက်ဖျက်မှုများနှင့် အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်သည့် လွတ်လပ်သောတိုင်ကြားစာယန္တရားများကို ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် ခေါ် ဦးဒီလုံး၏ **နမ့်စန်မြို့နယ်ရှိ မိုင်းစိတ်-နောင်စန့်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်နှင့် မိုင်းစိတ် - နောင်စန့် - ဟွေဆိုင်း - ညောင်ပင်သာ - ဈေးကုန်း (နောင်ဘို) ကျေးရွာလမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက မိုင်းစိတ် – နောင်စန့် – ဟွေဆိုင်း – ညောင်ပင်သာ–ဈေးကုန်း(နောင်ဘို) ကျေးရွာချင်းဆက်လမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ အဆိုပါ ကျေးရွာချင်းဆက်လမ်း၏ ကိုးမိုင်တွင် ရှစ်မိုင်မှာ ကျောက်ခင်းပြီးဖြစ်၍ ကျောက်ခင်းရန်ကျန်ရှိသည့် မိုင်းစိတ်နှင့် နောင်စန့်လမ်းပိုင်း မြေသားလမ်း တစ်မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် ကျန်ရှိပါကြောင်း။

အဆိုပါမြေလမ်း တစ်မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ကျောက်လမ်း ရှစ်မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သန်လျင်မဲဆန္ဒနယ်မှ ဦးမိုးမြင့်၏ **စားသုံးသူကာကွယ်ရေးဥပဒေတွင် လုပ်ငန်းရှင်များက ရောင်းချသည့်ဈေးနှုန်းနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူများကို ကာကွယ်ပေးနိုင်သည့်အချက်အား စားသုံးသူအခွင့်အရေးတွင် ဖြည့်စွက်ပြဋ္ဌာန်းရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက စားသုံးသူကာကွယ်ရေးနည်းဥပဒေကို ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ရည်ရွယ်ချက်များအနက် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များဘက်မှလည်း ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်တို့ ပါဝင်ပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေတွင် ကုန်စည်များအပြင် ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုကို အကာအကွယ်ပေးထားပါကြောင်း။

စီးပွားရေး လုပ်ငန်းရှင်များကိုလည်း စားသုံးသူကာကွယ်ရေးဥပဒေပါ လုပ်ငန်းရှင်များ၏ တာဝန်များကို သိရှိလိုက်နာစေရန်နှင့် ဥပဒေနှင့်အညီဆောင်ရွက်စေရန် အသိပညာပေးဆွေးနွေးပွဲများကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စားသုံးသူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရာတွင် ဈေးနှုန်းအပါအဝင် အရည်အသွေးများနှင့် ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးရေးအရာရှိများကို တာဝန်ပေးအပ်ထားပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ တွင် ဈေးနှုန်းနှင့်ပတ်သက်၍ စားသုံးသူအခွင့်အရေးကို ကာကွယ်ပေးနိုင်ရေး ထည့်သွင်းပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသဖြင့် စားသုံးသူကာကွယ်ရေးဥပဒေတွင် လုပ်ငန်းရှင်များက ရောင်းချသည့် ဈေးနှုန်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူများကို ကာကွယ်ပေးနိုင်သည့်အချက်အား ထပ်မံဖြည့်စွက်ပြဋ္ဌာန်းပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မိုးညိုနှင့် ကြို့ပင်ကောက် မြို့နယ်ချင်းဆက်လမ်းကို ဂဝံခင်းခြင်းနှင့် လမ်းပခုံးချဲ့ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ငါးကျီး–အင်းပွားကြီး–ရွာသာယာ လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး မြေသားလမ်းအရှည် သုံးမိုင်ကို မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၅၂၈ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ သွားလာရေးအဆင်ပြေချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ငွေကျပ်သန်း ၈၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအပေါ်အခြေခံပြီး ကျေးလက်နေ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ဂဝံ တစ်မိုင်ခင်းခြင်း လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ ဖလုံ-မြိုင်ဟေဝန်လမ်းမကြီးမှ ဂေါ်ရင်ဂျီကုန်းကျေးရွာသို့ ဆက်သွယ်သောလမ်းကို ကွန်ကရစ်ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တိုက်ကြီးမြို့နယ် ဖလုံ-ဂေါ်ရင်ဂျီကုန်းလမ်း တစ်မိုင်ကို ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၂၀၂ ဒသမ ၆၄ သန်းကုန်ကျမည်ဖြစ်ပါကြောင်း၊ ကျေးလက်နေ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဦးစားပေးစီစဉ်သည့်အတိုင်း လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှနှင့် အုတ်ဖိုမြို့နယ် ဆက်သွယ်သည့်လမ်းပေါ်ရှိ အိုးသည်ကုန်းမြို့ ဗိုလ်တန်းလမ်းမှ အုန်းနဲ့ချောင်းကျေးရွာအကျော် ကွန်ကရစ်လမ်းထိကို ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့သို့ ဆက်သွယ်သည့်လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး လမ်းအရှည် ၃ မိုင် ၂ ဖာလုံကျော်ရှိပါကြောင်း။

အဆိုပါလမ်းအရှည် ၁ မိုင် ၄ ဒသမ ၂၇ ဖာလုံသည် ယခုအခါ ပျက်စီးလျက်ရှိပြီး ၁၂ ပေအကျယ်၊ ခုနစ်လက်မဒု ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၄၂၉ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် သွားလာမှုအဆင်ပြေစေရန် ဘီးလမ်းနှစ်ခုကြား မြေနီခင်းခြင်းလုပ်ငန်း၊ လမ်းပခုံးများပြုပြင်ခြင်းနှင့် လမ်းပေါက်များဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းကို လာမည့်ဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ မြို့လုလင် – ဆူးတပ်ကြီး – မိုးကောင်းကျေးရွာချင်းဆက်လမ်း လေးမိုင်ခန့်ကို ကျောက်ချောလမ်း၊ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက လာမည့်ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြို့သစ်မြို့နယ် မြို့လုလင်–ဆူးတပ်ကြီး–မိုးကောင်းကျေးရွာချင်းဆက် လမ်းသည် မြေနီလမ်း အမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါမြေနီလမ်း အရှည် လေးမိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ်သန်း ၁၃၀၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ် ၃၅၄၄ သန်းခန့်ကုန်ကျမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို သွားလာမှုချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ငွေကျပ် ၁၃၃ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

သို့ဖြစ်ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ အကန့်အသတ်အတွင်းမှ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ထပ်မံလိုအပ်သည့် ဘဏ္ဍာငွေကို ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာ အပေါ်အခြေခံပြီး ကျေးလက်နေပြည်သူ လူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်း ဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဦးစားပေးစီစဉ်သည့်အတိုင်း ပြင်ဆင်ထိန်းသိမ်းနိုင်ရေး လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ **ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာကို ရေဘေးလွတ်နိုင်မည့် သင့်တော်သော မြေနေရာသို့ ရွှေ့ပြောင်းရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက ဘုန်းကြီးကျောင်း၊ မူလတန်းလွန်ကျောင်းနှင့် လူထုခန်းမများပါဝင်သည့် မြေဧရိယာသတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာသည် ကူးတို့ဆိပ်ကျေးရွာအုပ်စု ပေါင်းလောင်းမြစ် အရှေ့ဘက်တွင်ရှိပြီး ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာတွင်တည်ရှိပါကြောင်း။

သာယာစုကျေးရွာ ရွှေ့ပြောင်းနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ပျဉ်းမနားခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကဦးဆောင်၍ ၂၀၂၆ ခုနှစ် မတ် ၁၂ ရက်တွင် ကူးတို့ဆိပ်ကျေးရွာအုပ်စု သာယာစုကျေးရွာသို့ကွင်းဆင်း၍ ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့ရာ ကျေးရွာနေပြည်သူများက ပထမဦးစားပေး မြေနေရာဖြစ်သော မြေလွတ်၊ မြေရိုင်း ၃၆ ဧကနေရာသို့သာ ပြောင်းရွှေ့လိုကြောင်း၊ ၎င်းနေရာသည် မြေလွတ်၊ မြေရိုင်းစိုက်ပျိုးလုပ်ပိုင်ခွင့်လျှောက်ထားသူ ၁၂ ဦး လက်ရှိစိုက်ပျိုးလျက်ရှိသောကြောင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ-၂၅(ခ)နှင့်အညီ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော စိုက်ပျိုးမြေများ ပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့်ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ၎င်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း။

ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိနိုင်ရေးအတွက် ဥပဒေပုဒ်မ-၂၅(ခ)နှင့်အညီ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသူတောင်သူ ၁၂ဦးနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ကျေးရွာပြောင်းရွှေ့နိုင်ရေးနှင့် ကျေးရွာပြောင်းရွှေ့စဉ် ကုန်ကျစရိတ်များကို နိုင်ငံတော်အစီအစဉ်ဖြင့်သာ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး ကျေးရွာနေပြည်သူများက တင်ပြထားရှိပြီး ပြောင်းရွှေ့ခွင့်ရရှိခဲ့ပါက ရေရှည် သုံးနှစ်စီမံကိန်းဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတထံသို့ လမ်းညွှန်မှုခံယူ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဝါလုပ်ငန်းမြေနေရာ ဧက ၂၀ ကျော်ကို သက်ဆိုင်ရာဌာနက စွန့်လွှတ်ကာ ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဝမ်းတွင်းမြို့နယ် ဝါလုပ်ငန်းမြေနေရာ ဧက ၂၀ သည် ရန်ပုံငွေ ခွင့်ပြုသုံးစွဲခွင့်ရသည့်အချိန်တွင် မြို့နယ်ဦးစီးမှူးရုံးနေရာကို တောင်သူများ ဝင်ထွက်သွားလာရလွယ်ကူသည့် ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ မြို့မစိုက်ပျိုးရေးပညာပေးစခန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန်အစီအစဉ်ရှိခြင်း၊ တောင်သူများကို လက်တွေ့ပညာပေးပြသနိုင်ရန် မိုးချည်မျှင်ရှည်ဝါ၊ မိုးနှမ်း၊ မိုးနေကြာနှင့် ပိုက်ဆန်လျှော် သစ်စိမ်းမြေဩဇာစံပြကွက်များ စိုက်ပျိုးရန်စီစဉ်ထားရှိခြင်း၊ ထို့ပြင် ချည်မျှင်ရှည်ဝါကို တစ်ချိန်တည်းရိတ်သိမ်းနိုင်သည့် နည်းပညာသုံးစိုက်ခင်းပြုလုပ်ကာ စက်ဖြင့်ဝါရိတ်သိမ်းနိုင်ရေး ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေပါသဖြင့် ဝါလုပ်ငန်းမြေနေရာ (မြို့မစိုက်ပျိုးရေးပညာပေးစခန်း)ဧက ၂၀ ကျော်ကို စွန့်လွှတ်ရန်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်၏ **ပင်လယ်ကမ်းဝေးငါးဖမ်းစက်လှေများသည် ကမ်းနီးတွင် လာရောက်ဖမ်းဆီးနေခြင်းများအတွက် ဥပဒေအရ မည်ကဲ့သို့ တားဆီးဆောင်ရွက်မည်ကို အသေးစိတ် ရှင်းလင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသော ကမ်းဝေးငါးဖမ်း၊ ငါးသယ်ရေယာဉ်များကို ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ် (VMS ကိရိယာ)ဖြင့် ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) VMS Control Center အပါအဝင် ခြောက်နေရာ၊ တပ်မတော်(ရေ)က VMS Center ရှစ်နေရာ၊ ရေကြောင်းရဲတပ်ဖွဲ့က VMS Center နှစ်နေရာနှင့် ကမ်းခြေစောင့်တပ်ဖွဲ့က VMS Center နှစ်နေရာ စုစုပေါင်း ၁၈ နေရာမှ စောင့်ကြပ်ကြည့်ရှု စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

တနင်္သာရီ တိုင်းဒေသကြီးအတွင်း ကမ်းနီး၊ ကမ်းဝေးငါးလုပ်ငန်း ရေပြင် သတ်မှတ်မျဉ်းကို GIS Coordinate Points 70 မှ 80 ထိ သတ်မှတ်ထားပြီး ကျွန်းများကို ကမ်းနီးရေပြင်အတွင်း ထည့်သွင်းရေးဆွဲထားရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်တွင် ကမ်းဝေးရာသီပိတ်ကာလအဖြစ် ဧပြီ၊ မေနှင့် ဇွန်လတွင် သတ်မှတ်ထားရှိပါကြောင်း၊ ကမ်းဝေးငါးဖမ်းရာသီဖွင့်ကာလများဖြစ်သည့် ဇူလိုင်လမှမတ်လကာလများထိ ဘုတ်ပြင်းမြို့နယ်တွင် အလယ်မန်ကျွန်း၏ အနောက်ဘက်၊ အောင်ဘာလေကျွန်းအနီး၊ ပါဝယ်ကျွန်းအနီး၊ သဃ်န်းကျွန်းအနီး၊ လငန်းကျွန်းအနီး၊ ကော့ရဲကြီးကျွန်းအနောက်ဘက်၊ လန်ပိကျွန်းအနီး၊ ကော့ရဲငယ်ကျွန်းနှင့် ဆင်ကျွန်းအကြား စသည့်နေရာများတွင်လည်းကောင်း၊ ကျွန်းစုမြို့နယ်တွင် မင်းကြီးကျွန်း၊ ကျားကြီးအော်၊ ဒုံးပုလဲအော်၊ သမီးလှကျွန်း စသည့်နေရာတို့တွင်လည်းကောင်း တရားမဝင် ကမ်းနီးဝင်ရောက်ငါးဖမ်းဆီးမှုများ အဓိကဖြစ်ပေါ်လျက်ရှိသဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင်၊ စည်းကမ်းပျက် ငါးဖမ်း၊ ငါးသယ်ရေယာဉ်များကို အရေးယူဆောင်ရွက်ရာတွင် ထိရောက်သောပြစ်ဒဏ်များ ချမှတ်နိုင်ရေး ဥပဒေရေးရာဝန်ကြီးဌာန၏ သဘောထားအကြံပြုချက်များ ရယူပြီး မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေအရ ယခင်ချမှတ်ခဲ့သော ပြစ်ဒဏ်ထက် ပိုမိုထိရောက်သော ပြစ်ဒဏ်သတ်မှတ်ချက်များကို ထုတ်ပြန်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေကို ခေတ်နှင့်အညီဖြစ်စေရေးအတွက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အသစ်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **ကူမဲမြို့-ရန်ကုန်-မန္တလေးလမ်းမှ ကင်းတားဆည်သို့ ဆက်သွယ်ထားသော ကတ္တရာလမ်းမကြီး ပျက်စီးနေ၍ ထပ်ပိုးခင်းပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကူမဲမြို့ ရန်ကုန်-မန္တလေးလမ်းမကြီးမှ ကင်းတားဆည်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ၂၁ မိုင် ကတ္တရာလမ်းမကြီးသည် ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်ရှိ ကူမဲမြို့အနီးမှ ကင်းတား ဘက်စုံရေလှောင်တမံသို့ ဆက်သွယ်ထားသောလမ်းဖြစ်ပြီး အရှည် ၂၁ မိုင်၊ အကျယ် ၁၈ ပေရှိသည့် ကတ္တရာလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏အနီးပတ်ဝန်းကျင် ကျောက်တောင်များမှ မြစ်သားမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့ရှိ ကျေးရွာများသို့ ကျောက်ထုတ်လုပ်သယ်ပို့ခြင်း၊ ဂဝံမြေများ သယ်ပို့ခြင်း၊ ချောင်းရိုးများမှ သဲထုတ်လုပ်သယ်ပို့ခြင်း လုပ်ငန်းများ အသုံးပြုခြင်းကြောင့် ကတ္တရာများ ပေါက်ပြဲခြင်းတို့ဖြစ်ပေါ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကူမဲမြို့မှ ကင်းတားရေလှောင်တမံသို့ ဆက်သွယ်ဖောက်လုပ်ထားသော ၂၁မိုင် ကတ္တရာလမ်းမကြီးတွင် ပြုပြင်ရန်လိုအပ်သည့် ၆ မိုင် ၇ ဖာလုံကို လမ်းမျက်နှာပြင်အကျယ် ၁၈ ပေဖြင့် ကတ္တရာလမ်းအဖြစ် ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်ကာ ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီးရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအခြေအနေပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အရ အပိုင်းလိုက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူအများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ၂၀၂၆-၂၀၃၀ အရ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအမံအဖြစ် တိရစ္ဆာန်ကာကွယ်ဆေးများ ထုတ်လုပ်ခြင်း၊ ရောဂါစောင့်ကြည့်စစ်ဆေးခြင်း၊ တန်ဖိုးမြင့် မွေးမြူရေးထုတ်ကုန်ပစ္စည်းဆိုင်ရာစံချိန်စံညွှန်းများ ရေးဆွဲထားရှိခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်လမ်းညွှန်ချက်များ ပြုစုခြင်းနှင့် လက်တွေ့လိုက်နာကျင့်သုံးခြင်း၊ ကျေးရွာအခြေပြု တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပေါ်ထွက်လာရန် အားပေးဆောင်ရွက်ခြင်း၊ စားကျက်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဖော်ထုတ်ခြင်း၊ အသေးစားမွေးမြူရေးလုပ်ငန်းများ ဒေသမျိုးရင်း ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်များကို မွေးမြူရေးစံပြကွက်များ တည်ထောင်ပြသခြင်း၊ နို့စားနွားမွေးမြူရေးအတွက် လိုအပ်သောအကူအညီများကို တောင်သူများလက်ဝယ်သို့ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

အလားတူ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူအများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မွေးမြူထုတ်လုပ်မှုအခြေအနေနှင့် စားသုံးမှုကိုချိန်ညှိနိုင်ရန် ရည်ရွယ်၍ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိခြင်း၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ တိုးပွားရေးအတွက် မေထုန်မဲ့သားစပ်လုပ်ငန်း ဆောင်ရွက်ခြင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ များပြားလာစေရေး၊ တိရစ္ဆာန်များ၏အသား၊ နို့၊ ဥထုတ်လုပ်နိုင်စွမ်းမြင့်မားစေရန်အတွက် ပုဂ္ဂလိက ကဏ္ဍနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ နေပြည်တော်ကို ဗဟိုပြုပြီး ဆက်စပ်မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပြီး အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ သိုး၊ ဆိတ်၊ အသားတိုးဝက်၊ ဥစားကြက်၊ ဒေသကြက် တိုးချဲ့မွေးမြူရေး၊ နို့နှင့် နို့ထွက်ပစ္စည်း တိုးမြှင့်ထုတ်လုပ်ရေးအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ စီးပွားဖြစ်မွေးမြူသူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝန်ကြီးဌာန၏အရင်းမပျောက်မတည်ငွေဖြင့် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးပြီး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူသူများအတွက် မြစိမ်းရောင်(အသားကဏ္ဍ) ကျေးရွာများ ထူထောင်ပေးခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးမြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ပြည်သူအများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ဇူလိုင် ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်နွယ်နွယ်ဦး၏ **ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်း အမျိုးသားအားကစား အဆင့်အတန်းမြှင့်တင်ရေး၊ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၂၀ x ၉၀ x ၃၆ ပေ အတိုင်းအတာရှိသော (က)အဆင့် အားကစားရုံတည်ဆောက်ပေးရန်၊ ဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေစေမည့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန်နှင့် မြို့နယ်တင်းနစ်ကွင်းဘေးပတ်ပတ်လည်ကို ခြံစည်းရိုးအုတ်တံတိုင်းကာရံပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး မည်သည့်အချိန်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက သာပေါင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတွင် ဝန်ထမ်းဖွဲ့စည်းပုံအရ ခွင့်ပြု ခြောက်ဦး၊ ခန့်ထား ခြောက်ဦးရှိပြီး ဝန်ထမ်းအိမ်ရာမရရှိသော ဝန်ထမ်းများကို နိုင်ငံတော်က သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း လစဉ်နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအတွက် သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးမည်ဆိုပါကလည်း လုံလောက်သည့်မြေနေရာရှိပါကြောင်း။

သာပေါင်းမြို့နယ်တွင် အားကစားရုံ အလျား ပေ ၁၂၀၊ အနံ ပေ ၉၀ တည်ဆောက်ရန်အတွက် ငွေကျပ် ၂၅၉၂ သန်း၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာ အလျား ပေ ၈၀၊ အနံ ၄၅ ပေ တည်ဆောက်ရန်အတွက် ငွေကျပ် ၄၃၂ သန်း၊ တင်းနစ်အားကစားကွင်းပတ်လည်ပေ ၄၀၀ အုတ်တံတိုင်းကာရံခြင်းအတွက် ငွေကျပ် ၅၆ သန်း စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် သန်း ၃၀၈၀ ကုန်ကျမည်ဖြစ်ပါကြောင်း။

သာပေါင်းမြို့နယ်တွင် အားကစားပြိုင်ပွဲများကျင်းပနိုင်ရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အားကစားရုံဆောက်လုပ်ခြင်း၊ တင်းနစ်အားကစားကွင်းပတ်လည် ပေ ၄၀၀ အုတ်တံတိုင်းကာရံခြင်းနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် သန်း ၃၀၈၀ ကို နီးစပ်ရာဘဏ္ဍာနှစ်၏ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးထွန်းအောင်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၈ ရက်မှစတင်၍ စစ်ဘေးဒဏ်သင့်ခဲ့ရပြီး ထီးချိုင့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိစာသင်ကျောင်းဆောင် ခုနစ်ဆောင် စစ်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများရှိနေပါသဖြင့် အလျင်အမြန်ပြုပြင်ပေးရန်လိုအပ်နေပါသောကြောင့် အစိုးရအနေဖြင့် အကြီးစားပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပြုပြင်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင် ခုနစ်ဆောင်ရှိပါကြောင်း၊ အကြမ်းဖက်များ၏ဖျက်ဆီးမှုကြောင့် ပျက်စီးမှုအခြေအနေကို သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲရေးအဖွဲ့နှင့် မြို့နယ်ပညာရေးမှူးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ကျောင်းဆောင် ခုနစ်ဆောင်အနက် နဝဒေးဆောင် (စာကြည့်တိုက်)၊ သိပ္ပံဆောင်၊ မြဝတီဆောင်၊ ရွှေရတုဆောင်၊ မိုးနတ်ရှင်ဆောင်တို့မှာ ငွေကျပ်သန်း ၂၀ အောက် အသေးစားပြင်ဆင်ရန်လိုအပ်ပြီး လက်ဝဲသုန္ဒရဆောင်ကို ငွေကျပ်သန်း ၂၀ အထက် အကြီးစားပြုပြင်ရန်နှင့် မန်လည်ဆောင်မှာ လုံးဝပျက်စီးသွားသဖြင့် ဖျက်သိမ်းပြီး အဆိုပါနေရာတွင် အသစ်ဆောက်လုပ်ရန်လိုအပ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

အသေးစားပြင်ဆင်ရန်လိုအပ်သော ကျောင်းဆောင် ငါးဆောင်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကြီးစားပြင်ဆင်ရမည့် လက်ဝဲသုန္ဒရဆောင်နှင့် ဖျက်သိမ်းဆောက်လုပ်ရမည့် မန်လည်ဆောင်အစား ပေ ၁၄၀ x ၃၀ RCC နှစ်ထပ်အသစ်ဆောက်လုပ်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်ပြီး တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒုံးပုလဲအော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ၁၃၀ x ၃၀ x ၂၄ ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်၊ ကဘင်းချောင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ၁၃၀ x ၃၀ x ၂၄ ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်၊ မိုင်းသွေးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ၁၃၀ x ၃၀ x ၁၂ ပေ RCC တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်တို့ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍




ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ခွင့်ပြုရန်ပုံငွေတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွက် အန္တရာယ်ကျောင်းဆောင်များဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း နှစ်ခု၊ သိပ္ပံဆောင်များ ဆောက်လုပ်ခြင်းလုပ်ငန်း သုံးခု၊ စာကြည့်တိုက်များအသစ် ဆောက်လုပ်ခြင်းလုပ်ငန်းလေးခု စုစုပေါင်းလုပ်ငန်း ကိုးခုအတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၃၀ ပါဝင်ပါကြောင်း။

ဒုံးပုလဲအော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပေ ၁၂၀ x ပေ ၃၀ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်ဆောင် သုံးဆောင်၊ စာသင်ခန်း ၁၂ ခန်းရှိပြီး ကျောင်းသား ၄၈၅ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လုံလောက်မှုရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းတွင်လိုအပ်လျက်ရှိသော ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ၊ ဆရာမနားနေခန်း၊ စာကြည့်တိုက်၊ Multimedia ခန်း၊ သိပ္ပံခန်းနှင့် ထပ်မံတိုးတက်လာမည့်စာသင်ခန်းများအတွက် ပေ ၁၃၀ x ပေ ၃၀ RCC နှစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင်မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကဘင်းချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပေ ၉၀ x ပေ ၃၀ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်၊ ပေ ၃၀ x ပေ ၃၀ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်၊ ပေ ၁၂၀ x ပေ ၃၀ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်၊ ပေ ၉၀ x ပေ ၃၀ RCC တစ်ထပ် စုစုပေါင်း ကျောင်းဆောင် လေးဆောင်၊ စာသင်ခန်း ကိုးခန်းရှိပြီး ကျောင်းသား ၄၁၉ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လိုအပ်သော စာသင်ခန်း နှစ်ခန်းနှင့် ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ၊ဆရာမ နားနေခန်း၊ စာကြည့်တိုက်၊ Multimedia ခန်း၊ သိပ္ပံခန်းများအတွက် ပေ ၁၃၀ x ပေ ၃၀ RCC နှစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင်မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိုင်းသွေးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ၇၅ ပေ x ပေ ၃၀ အုတ်ကြွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ၁၀ ခန်းရှိပြီး တစ်ထပ်ဆောင် နှစ်ဆောင်၊ ပေ ၆၀ x ပေ ၃၀ RCC တစ်ထပ်၊ ပေ ၉၀ x ပေ ၃၀ RCC တစ်ထပ် စုစုပေါင်းကျောင်းဆောင် လေးဆောင် စာသင်ခန်းကျောင်းသား ၃၄၆ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လုံလောက်မှုရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းတွင်လိုအပ်လျက်ရှိသော ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ၊ ဆရာမနားနေခန်း၊ စာကြည့်တိုက်၊ Multimedia ခန်း၊ သိပ္ပံခန်းများအတွက် ပေ ၁၂၀ x ပေ ၃၀ RCC တစ်ထပ်ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင် မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များစနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့်အဂတိကို ထိရောက်စွာ အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်း**က ပြည်သူတိုင်းသည် မိမိတို့၏ ဝန်ထမ်းရာထူးအဆင့်အလိုက်၊ စီးပွားရေးပမာဏအကြီး၊ အငယ်အလိုက် သင့်တင့်မျှတသော အခွန်များကိုမဖြစ်မနေ ပေးဆောင်ရမည့်တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများပေးဆောင်လာသည့် အခွန်ငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အခွန်သည် နိုင်ငံတော်၏ ဘဏ္ဍာအင်အားဖြစ်ပြီး အခွန်များမှန်မှန်ကန်ကန်ရရှိပါက ပြည်သူတို့၏ကျန်းမာရေး၊ ပညာရေး၊ လူမှုဖူလုံရေးနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးကို ပြည့်စုံစွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်များ မှန်မှန်ကန်ကန်ကောက်ခံရရှိနိုင်ရေးအတွက် အဂတိကင်းရှင်းရန်လိုအပ်ပါကြောင်း။

အဂတိတရားတိုက်ဖျက်ရေးသည် ပြစ်ဒဏ်ပေးရုံဖြင့် မလုံလောက်ဘဲ ကာကွယ်ရေး၊ ပညာပေးရေး၊ နည်းပညာအသုံးချရေးနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိတရားလျော့နည်းလာသည်နှင့်အမျှ အခွန်ငွေတိုးတက်လာပြီး နိုင်ငံတော် ဘဏ္ဍာငွေသည်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူ့ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် အမှန်တကယ်သန့်ရှင်းသည့် အုပ်ချုပ်ရေးစနစ်ကိုတည်ဆောက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်ဆိုပါက အဂတိကင်းစွာဆောင်ရွက်နိုင်ရေးသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် အခွန်နှင့်အဂတိကို ထိရောက်သောအစီအမံများဖြင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း**က နိုင်ငံသားများ အခွန်တိမ်းရှောင်ခြင်းသည် ပေးဆောင်ရသည့်အခွန်နှုန်းထားများ ပမာဏများနေသည်ဟု ထင်မြင်ယူဆကြသည့်အတွက် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်ထမ်းများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့်နှုန်းထားဖြင့် ကောက်ခံပြီး ပေးဆောင်သင့်သည့် အခွန်နှုန်းထားအကြောင်း ပညာပေးစည်းရုံးမှုများလုပ်ဆောင်ပါက နိုင်ငံတော်အတွက်အခွန်ဝင်ငွေသည် သိသိသာသာတိုးပွားလာမည်ဖြစ်ပါကြောင်း၊ စာမျက်နှာ ၂၁ သို့

**စာမျက်နှာ ၂၀ မှအဆက်**

ကျင့်သုံးနေသည့်မူဝါဒများ၊ စနစ်များ၏ လစ်ဟာကွက်များကို ပြုပြင်မည်ဆိုပါက အဂတိလိုက်စားမှုများကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် E-government စနစ်ကို အရှိန်မြှင့်တည်ဆောက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ E-government စနစ် ပီပီပြင်ပြင်ကျင့်သုံးလာနိုင်မည်ဆိုပါက နိုင်ငံတော်ရန်ပုံငွေများသည်လည်း လေလွင့်ဆုံးရှုံးမှုများ လျော့နည်းသွားပြီး အဂတိကင်းစင်သော အစိုးရယန္တရားတစ်ခု ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် အခွန်နှုန်းထားမျိုးနှင့် အခွန်အခြေချဲ့ထွင်ပြီး ကောက်ခံခြင်း၊ အခွန်ထမ်းပြည်သူများကို နားလည်သဘောပေါက်လာအောင် ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါက နိုင်ငံတော်အတွက် အခွန်ဝင်ငွေများ သိသိသာသာတိုးမြှင့်ရရှိပြီး အဂတိလိုက်စားမှုများ သိသိသာသာ လျော့နည်းသွားမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးကျော်ဇင်ထွန်း**က လက်ရှိမြန်မာနိုင်ငံတွင် စည်းကြပ်ကောက်ခံလျက်ရှိသော ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် စားသုံးမှု၊ ဝင်ငွေခွန်နှင့် ပိုင်ဆိုင်မှု၊ ကုန်သွယ်မှုနှင့် နိုင်ငံပိုင်သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲမှုတို့အပေါ် ကောက်ခံသောအခွန်များသည် အဂတိသက်ရောက်မှုကို အထူးခံစားရသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထိုကဏ္ဍများအပေါ် Large Taxpayer office (LTO) များ ထူထောင်ခြင်း၊ ဒစ်ဂျစ်တယ်အခွန်စနစ်များအသုံးပြုခြင်း၊ အခွန်အခြေခံ (Tax Base) ကိုချဲ့ထွင်၍အလွတ်သဘောစီးပွားရေးလုပ်ငန်းများကို တရားဝင်စနစ်အတွင်း ထည့်သွင်းခြင်း၊ အစိုးရဌာနများကြား အချက်အလက်ချိတ်ဆက်မှုနှင့် One Stop Service စနစ်များကို အကောင်အထည်ဖော်ခြင်း၊ အဂတိတိုက်ဖျက်ရေး၊ ပြည်သူ့ဝန်ဆောင်မှုပွင့်လင်းမြင်သာရေးနှင့် လွတ်လပ်သောစောင့်ကြည့်ကြီးကြပ်ရေးယန္တရားများကို အားကောင်းစေရန် ဆောင်ရွက်ပါက အခွန်များပိုမိုရရှိလာပြီး အဂတိများလည်း လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

အခွန်ကောက်ခံမှုကို အဂတိကင်းစင်စွာ ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး တရားမျှတစွာယှဉ်ပြိုင်နိုင်မည့် ဈေးကွက်စီးပွားရေးစနစ်စစ်စစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိကင်းစင်မှသာ ကောက်ခံရရှိသောအခွန်ငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းသို့ အပြည့်အဝစီးဝင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ရေးတွင်လည်း ဘတ်ဂျက်သုံးစွဲမှုများကို ပိုမိုထိရောက်စွာဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများ ဂုဏ်ယူဝမ်းမြောက်စွာ အခွန်ပေးဆောင်နိုင်ရေးနှင့် အစိုးရဌာနများတွင် အဂတိကင်းစင်ရေးအဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးတင်မောင်ဝင်း**က နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဘဏ္ဍာငွေသည် နိုင်ငံတော်၏ အသက်သွေးကြောဖြစ်ပါကြောင်း၊ ထိုဘဏ္ဍာငွေရှာဖွေပေးသည့် မဏ္ဍိုင်သည် အခွန်စနစ်ဖြစ်ပြီး ရရှိလာသည့်အခွန်ဘဏ္ဍာငွေများကို ယိုဖိတ်မှုမရှိအောင် ကာကွယ်ပေးသည့်မဏ္ဍိုင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးပင်ဖြစ်ပါကြောင်း၊ ထိုမဏ္ဍိုင်နှစ်ခုသည် တစ်ခုနှင့်တစ်ခုဆက်စပ်နေပြီး နိုင်ငံတော်၏ အနာဂတ်အတွက် ယခုအဆိုသည် အလွန်ထိရောက်သည့် အဆိုတစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် အခွန်တွက်ချက်ခြင်း၊ တင်ပြခြင်းနှင့် အခွန်ပေးဆောင်ခြင်းလုပ်ငန်းစဉ်အားလုံးကို Online မှ ဆောင်ရွက်ပြီး အခွန်ဆောင်နိုင်အောင် Digital Tax System ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန် အကြံပြုလိုပါကြောင်း။

အစိုးရဌာနတစ်ခုချင်းစီ၏ ဝန်ဆောင်မှုများသည် Standard Operating Procedure (SOP) ဟုခေါ်သည့် စံလုပ်ထုံးလုပ်နည်းများကို တိတိကျကျ သတ်မှတ်ပြီး ပြည်သူများမြင်သာသည့် နေရာများ၊ Website များတွင် ချပြထားရန်အကြံပြုလိုပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အခွန်စနစ် သန့်ရှင်းခိုင်မာပြီး အစိုးရယန္တရား အဂတိကင်းစင်မှသာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှုကိုရရှိမည်ဖြစ်ပြီး တိုင်းပြည်၏စီးပွားရေးသည်လည်း ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် ခေတ်မီနည်းပညာများအသုံးပြုခြင်း၊ လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာအောင် ပြင်ဆင်ခြင်းနှင့် ထိရောက်သော အစီအမံများချမှတ်ခြင်းတို့ဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် အဆိုကို ထောက်ခံဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစောသွင်**က နိုင်ငံရေးအရ အဂတိကင်းစင်ခြင်းသည် နိုင်ငံတော်တည်ငြိမ်မှုနှင့် အစိုးရတစ်ရပ်၏ တရားဝင်မှုအတွက် အသက်သွေးကြောဖြစ်ပါကြောင်း၊ စီးပွားရေးအမြင်အရ အခွန်သည် ကောက်ခံခြင်းတစ်ခုတည်းမဟုတ်ဘဲ နိုင်ငံ၏စီးပွားရေး၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ တရားမျှတမှုနှင့် ပြည်သူဘဝအရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်ပေးနေသော အရေးပါသည့်စီးပွားရေးမူဝါဒ ကိရိယာဖြစ်ပါကြောင်း၊ အဂတိကင်းစင်ခြင်းသည် နိုင်ငံတော်နေဥစ္စာ တိုးတက်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ လူမှုရေးအမြင်အရ အခွန်သည် ငွေကောက်ခံခြင်းမျှသာမဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အကျိုးစီးပွားကို လူမှုရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ အခွန်ကို မျှတစွာ ကောက်ခံပြီး ပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်ပါက လူမှုဖူလုံရေး၊ လူမှုတရားမျှတရေးနှင့် ရေရှည်တိုးတက်ရေးတို့ကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားစိတ်ဓာတ်နှင့် လူမှုတာဝန်ယူမှုကို မြှင့်တင်ပေးသည်ဟု သုံးသပ်ရပါကြောင်း။

စည်းရုံးရေးအမြင်အရ အခွန်ကိုမျှတစွာကောက်ခံပြီး ပွင့်လင်းမြင်သာစွာ အသုံးပြုပါက ပြည်သူများကြား ယုံကြည်မှုတိုးပွားလာပြီး လူမှုစည်းလုံးညီညွတ်မှုကို အားကောင်းစေပါကြောင်း၊ ပြည်သူများ အခွန်၏ အရေးပါမှုကို နားလည်စေပြီး ဥပဒေနှင့်အညီ မိမိဆန္ဒအလျောက် အခွန်ပေးဆောင်လာစေရန် အသိပညာပေးခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ပူးပေါင်းပါဝင်မှုမြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ အခွန်စနစ်သည် ဒစ်ဂျစ်တယ်နည်းပညာအချက်အလက် အခြေပြုစီမံခန့်ခွဲမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကိုအသုံးပြု၍ ပိုမိုထိရောက်လာစေရန် တိုးတက်ပြောင်းလဲသင့်ပြီဟု ရှုမြင်သုံးသပ်ရပါကြောင်း၊ ထို့ကြောင့် ယခုအဆိုသည် ကာလ၊ ဒေသ၊ ပယောဂကိုလိုက်နာ၍ အမှန်တကယ်ဆောင်ရွက်သင့်ပါကြောင်းနှင့် အကျိုးတရားတစ်ခုဖြစ်ထွန်းရန်အတွက် အကြောင်းတရားပေါင်းများစွာ ပေါင်းစည်းရန် လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်**က နိုင်ငံအလိုက် အခွန်စနစ်များအတွင်း နည်းမျိုးစုံဖြင့် အခွန်ရှောင်တိမ်းမှုများ၊ အဂတိလိုက်စားမှုများ ပေါ်ပေါက်နေသည့်အတွက် ဒစ်ဂျစ်တယ်စနစ်ကို အပြည့်အဝအသုံးချခြင်းနှင့် Fully Digitalized နှင့် ထိန်းကျောင်းစောင့်ကြည့်ခြင်း (Control & Monitoring) စနစ်တို့သည် အရေးပါလာပြီး ကမ္ဘာတစ်ဝန်းကျယ်ပြန့်စွာအသုံးပြုလျက်ရှိပါကြောင်း၊ ယခုအစိုးရသစ်ထက်ထက်တွင် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သီးသန့်ဖွဲ့စည်းပြီး E Government System အကောင်အထည်ဖော်မည့် အလားအလာများ မြင်တွေ့နေရသဖြင့် ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ အခွန်တိုးမြှင့်ရရှိရေးနှင့် အခွန်ပြည့်ဝစွာရရှိရေးအတွက် လူကိုထိန်းကျောင်းနိုင်မည့် စနစ်ကောင်းရွေးချယ်ကျင့်သုံးရာ၌ AI Software အခြေပြု Digital Online စနစ်သည်သာ အကောင်းဆုံးဖြစ်နေသည့်အတွက် ၎င်းစနစ်ကိုကျင့်သုံးနိုင်ရန် အခြေခံသည် လျှပ်စစ်မီးပုံမှန်ရရှိရေးနှင့် အင်တာနက်လိုင်းကောင်းမွန်ရေးတို့ဖြစ်ပါကြောင်း။

လက်ရှိကာလတွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့တော်များ၊ နယ်စပ်ကုန်သွယ်ရေးမြို့များ၊ စီးပွားကုန်သွယ်မှု မြင့်မားသည့်မြို့များနှင့် စက်မှုဇုန်များအပေါ် လျှပ်စစ်နှင့်အင်တာနက်လိုင်းကို ဦးစားပေး၍ Digital Online အခွန်စနစ်ကို တတ်နိုင်သမျှ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပြီး အဂတိလိုက်စားမှုများအပေါ် ထိရောက်စွာအရေးယူဆောင်ရွက်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားအတွက် ရလဒ်ကောင်းများ မလွဲမသွေ ရရှိခံစားကြရမည်ကို ယုံကြည်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း**က နိုင်ငံ၏ အခွန်ရငွေလျော့နည်းရခြင်း၏ အဓိကအကြောင်းရင်းမှာ မှတ်ပုံတင်မထားသောစီးပွားရေးလုပ်ငန်းများ (Informal Economy) များပြားနေခြင်း၊ အခွန်ရှောင်လွှဲခြင်း၊ အဂတိလိုက်စားမှု၊ စီမံခန့်ခွဲမှုအားနည်းခြင်း၊ နည်းပညာပိုင်းဆိုင်ရာအားနည်းခြင်း၊ ဒစ်ဂျစ်တယ်အခွန်စနစ်အားနည်းခြင်း၊ တရားဥပဒေစိုးမိုးမှု၊ အသိပညာပေးမှုနှင့် အခွန်ထမ်းများ၏ အသိပညာ၊ အခွန်ပေးလိုစိတ် နည်းပါးခြင်းနှင့် မှောင်ခိုကုန်သွယ်မှုတို့ကြောင့် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်စနစ်ကို ခေတ်မီအောင်ပြုပြင်ခြင်း၊ ပွင့်လင်းမြင်သာမှုတိုးမြှင့်ခြင်း၊ ဥပဒေစိုးမိုးမှုအားကောင်းစေခြင်းနှင့် ပြည်သူများကို အခွန်လိုက်နာမှုမြှင့်တင်ခြင်းတို့သည် နိုင်ငံတော်၏ ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောမူဝါဒဦးတည်ချက်များ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ပြည်သူများ အခွန်ကိုမိမိဆန္ဒအလျောက် လိုလိုလားလား ပေးဆောင်လာစေရန် အတင်းအကျပ်ကောက်ခံခြင်းထက် အခွန်ဆိုင်ရာ ယုံကြည်မှုကိုတည်ဆောက်ပေးရန် အရေးကြီးပါကြောင်း၊ အစိုးရအနေဖြင့် အခွန်နှင့်ပတ်သက်၍ စည်းရုံးဆောင်ရွက်ရာတွင် အခွန်၏အကျိုးကျေးဇူးများကို အသိပညာပေးရန် လိုအပ်ပါကြောင်း၊ အခွန်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သည်ကို ရှင်းလင်းဖော်ပြသင့်ပါကြောင်း၊ ကျောင်းပညာရေးတွင် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားတာဝန်နှင့် အခွန်ပေးဆောင်မှု၏ အရေးပါမှုကိုသင်ကြားပေးရန်၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းခြင်းတို့လည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပြည်သူများကို အခွန်ပေးဆောင်စေရန် အပြစ်ပေးခြင်းထက်၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ အသိပညာပေးခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အခွန်ပေးဆောင်ရ လွယ်ကူစေခြင်းတို့သည် ပိုမိုရေရှည်တည်တံ့ပြီး ထိရောက်သောနည်းလမ်းများ ဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်သူများက ၎င်းတို့ပေးဆောင်သည့် အခွန်သည် ပြည်သူ့အကျိုးစီးပွားအတွက် အမှန်တကယ်အသုံးပြုနေသည်ဟု ယုံကြည်လာချိန်တွင် အခွန်လိုက်နာမှု (Tax Compliance) သည် သဘာဝအတိုင်း မြင့်တက်လာမည်ဖြစ်ပါကြောင်း၊ **"အခွန်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ကိုတည်ဆောက်စို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ အခွန်အားလုံးပေးဆောင်စို့"** ဆိုသည့်အတိုင်း နိုင်ငံသားတိုင်း အခွန်နှင့်ပတ်သက်၍ ဤစည်းမျဉ်းဥပဒေများကို လိုက်နာဆောင်ရွက်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဒေါက်တာခိုင်ခိုင်ဆု**က အခွန်ကောက်ခံမှုသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုသာမဟုတ်ဘဲ အုပ်ချုပ်မှုစနစ်၏ ဖြောင့်မတ်တည်ကြည်မှုနှင့် နိုင်ငံတော်နှင့်ပြည်သူကြား ယုံကြည်မှုအခြေခံအချက်များကို ပုံဖော်ပေးသည့် နိုင်ငံရေးဆိုင်ရာကိရိယာ (political instrument) တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သည် လက်ရှိအခွန်အမျိုးအစားပုံစံအမျိုးမျိုးကို လျှော့ချပြီး အဓိကအခွန်အမျိုးအစားများခြုံ၍ ပေါင်းစည်းသတ်မှတ်သင့်ပါကြောင်း၊ ထို့ပြင် အခွန်ကင်းလွတ်ခွင့်ရသူများကို အနည်းဆုံးထိလျှော့ချပြီး အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူစေရန်ဆောင်ရွက်၍ စနစ်ရှုပ်ထွေးမှု၊ ဥပဒေကွက်လပ်များနှင့် မသမာသော အကျိုးအမြတ်ရှာဖွေမှုများကို ဖယ်ရှားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သည် အခွန်ထမ်းအားလုံးအတွက် အီလက်ထရောနစ်စနစ်ဖြင့် အခွန်တင်သွင်းခြင်းနှင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို မဖြစ်မနေဆောင်ရွက်စေသင့်ပါကြောင်း၊ ငွေသားဖြင့်ငွေပေးချေမှုများကို ဖယ်ရှား၍ ပြည်သူနှင့် အစိုးရဝန်ထမ်းတိုက်ရိုက်ထိတွေ့ရသည့် အခွင့်အလမ်းများကိုလျှော့ချကာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအခြေခံအဆောက်အအုံကို ခေတ်မီအောင် အမြန်ဆုံးပြန်လည်တည်ဆောက်သင့်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(ACC)ကို အဂတိလိုက်စားမှုအမှုများကို အခြားအဖွဲ့အစည်း၏ လွှဲပြောင်းမှုမလိုဘဲ တိုက်ရိုက် လွတ်လပ်စွာစုံစမ်းစစ်ဆေးနိုင်သော အခွင့်အာဏာကို နိုင်ငံတော်ကပေးအပ်ရန် လိုအပ်သကဲ့သို့ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးသင့်ပါကြောင်း။

အခွန်စနစ်ကို ရိုးရှင်းအောင် ပြုပြင်ခြင်း၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏လုပ်ပိုင်ခွင့်များကို အားကောင်းစေခြင်း၊ Corruption Prevention Unit များကို တိုးချဲ့ဖွဲ့စည်းခြင်း၊ လစာစနစ်ကို ပြုပြင်ပြောင်းလဲခြင်းနှင့် အခွန်ဝင်ငွေကို ပြည်သူ့ရေးရာဝန်ဆောင်မှုများနှင့် တိုက်ရိုက်ချိတ်ဆက်ခြင်းတို့ဖြင့် နိုင်ငံတော်၏ အခွန်ရရှိမှုများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုကို ဖယ်ရှားနိုင်ပြီး ပြည်သူတို့၏ဆန္ဒနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကိုဖော်ဆောင်နိုင်သည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ်ကို တည်ဆောက်နိုင်ရန် ရည်ရွယ်၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင် ၁၃ ရက်တွင် ကျင်းပမည့် ၁၆ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇူလိုင် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# ကူမဲမြို့အနီးရှိ ယုဇနတံတားအသစ် တည်ဆောက်ပြီးစီးသဖြင့် မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုနေမှု ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကွင်းဆင်းကြည့်ရှု



**နေပြည်တော် ဇူလိုင် ၁၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ယုဇနတံတားအသစ် တည်ဆောက်ပြီးစီးသဖြင့် မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုနေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ ဖြတ်သန်းသွားလာစေရေး ကြီးကြပ်ဆောင်ရွက်ရန်နှင့် လမ်းဘေးဝဲယာတွင် Master Plan အတိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို လျာထားချက်နှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး တံတားကြီးပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုအခြေအနေနှင့် တံတားအသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မြစ်ဆုံကြီးကျေးရွာအုပ်စုအနီး ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာတွင်ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်ပြီး တက်ရောက်လာသူများနှင့်အတူ သတ်မှတ်နေရာများ၌ ပျိုးပင်များကိုလူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဖျောက်ဆိပ်ပင်၊ မဟော်ဂနီပင်၊ ခရေ၊ ကုက္ကို၊ စိန်ပန်းနှင့် မည်စည်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၁၀-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၆,၆၄၃,၁၈၁.၄၀ | ၁,၃၄၉,၂၅၅.၀၀ | ၂၇,၅၅၁,၇၉၉.၃၄ | ၁၈,၁၀၀,၀၀၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ တိရစ္ဆာန်အစာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂ သန်းကို စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၅၂၇၉ ဒသမ ၀၀ ကို CMP ကုမ္ပဏီသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ ( ၁၀ - ၇ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မုံရွာ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ဂန့်ဂေါ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | မော်လိုက် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မြိတ် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မိုးကောင်း | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ရွှေဘို | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းဝင်းထွန်းအား ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# ပဲခူးတက္ကသိုလ်၌ လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပဲခူး ဇူလိုင် ၁၀**

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ကျောင်းသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ပရဟိတအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာသည့် လူငယ်မောင်မယ်များက လူငယ်ရေးရာနှင့်ပတ်သက်သည့် သိလိုသည်များ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ပဲခူးတက္ကသိုလ်အနုပညာအသင်း ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အသိပညာပေးဟောပြောမည့် စာရေးဆရာ ဦးကျော်ကျော်လှိုင်အတွက် အမှတ်တရလက်ဆောင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ပဲခူးတက္ကသိုလ်ပါမောက္ခ ဆရာမကြီးထံ အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ စာရေးဆရာ ဦးကျော်ကျော်လှိုင်က "လူငယ်နှင့် အနာဂတ် နိုင်ငံတော်ဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## ၂၀၂၆ ခုနှစ် ဇူလိုင် ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၅၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# သန်လျင်မြို့နယ်၊ ဒလမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ဗလငါးတန်အားမာန်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၀ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၃၁ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါရပ်ကွက်ရှိ အလယ်ကျောင်းတိုက်၌အခြေပြု၍ သံဃာတော် ၁၅ ပါး၊ ဒေသခံပြည်သူ ၁၅၂ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

❒ **ရင်ချင်းဆက်အမြွှာမှ**

အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့သည်။

အဆိုပါ ကလေးငယ်များသည် လမစေ့မီမွေးဖွားပြီး ရင်ချင်းဆက်အမြွှာကလေးများဖြစ်သဖြင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး မွေးကင်းစကလေးအထူးကြပ်မတ်ဌာနတွင် ထားရှိကာ လိုအပ်သောကုသမှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့သည်။


ဇူလိုင် ၈ ရက်တွင် ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး(ရန်ကင်း)-ရန်ကုန်သို့ လွှဲပြောင်းကာ မွေးကင်းစအထူးကြပ်မတ်ကုသဌာန၌ ဆက်လက်၍ ပြုစုကုသစောင့်ရှောက်ပေးလျက်ရှိပြီး အဆိုပါ ရင်ချင်းဆက် အမြွှာကလေးများကို လိုအပ်သောဆေးကုသမှုများဆောင်ရွက်ရန်နှင့် ခွဲစိတ်ကုသမှု (Separation Surgery) ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဦးဆောင်၍ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးနှင့် ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး(ရန်ကင်း)တို့မှ ဘာသာရပ်ဆိုင်ရာပညာရှင်များ ပါဝင်သော ဆေးကုသရေးအဖွဲ့ ဖွဲ့စည်းပြီး ကုသမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကာ ကလေးများ၏ ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ **နေရာကွက်၍မိုးကြီးနိုင်မှ**

ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)




# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက အမျိုးသားပွဲစဉ်အဖြစ် ခိုလမ်တပ်နယ်(က) အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်း၊ အမျိုးသမီးပွဲစဉ်အဖြစ် ခိုလမ်တပ်နယ်(က)အသင်းနှင့် ခိုလမ်တပ်နယ်(ဂ)အသင်းတို့၏ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများ၊ အကောင်းဆုံး အားကစားသမားဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသည့် အသင်းတို့ကို တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ရှစ်သင်းနှင့် အမျိုးသမီးအသင်း ကိုးသင်းတို့ဖြင့် ဇူလိုင် ၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဟုမ္မလင်း၊ ဘားအံ၊ ဘီးလင်းမြို့တို့၏ မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေကျော်တွင် ရောက်ရှိနေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့အတူ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေကျော်တွင်ရောက်ရှိနေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်၊ ဘားအံမြို့နယ်၊ ဘီးလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

☆ **ကျောဖုံးမှအဆက်**

လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အဆိုပါဓာတ်အားလိုင်းပေါ်တွင် စီးဆင်းလျက်ရှိသော ဝန်အား မဂ္ဂါဝပ် ၂၀၀ ခန့် လျော့နည်းနေမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ဝန်အား ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များတွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံကို ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ရှစ်ထပ် အဆောက်အအုံကို ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှု တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ရှစ်ထပ် အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။

**■ ရွှေကုက္ကိုလ်မှ**

ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ရှစ်ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ခြောက်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**● မြန်မာနေရှင်နယ်လိဂ် ယူ-၂၀မှ**

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲက ဗဟန်းအားကစားကွင်းတွင် ချင်းလန်းအက်ဖ်စီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ကစားခဲ့ရာ ရန်ကုန်စီးတီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် လေးမိနစ်တွင် မင်းဘုန်းခန့်နှင့် ပွဲချိန် ၈၉မိနစ်တွင် ထွန်းလင်းအောင်တို့က သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃နာရီခွဲက သီဟဒီပအားကစားကွင်းတွင် ရတနာပုံ အက်ဖ်စီအသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံ အက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို တစ်မိနစ်တွင် ဆထွဋ်အာဝါက သွင်းယူနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များအဖြစ် ဇူလိုင် ၁၁ ရက်တွင် ဒဂုံစတားအသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ သစ္စာအားမာန်အသင်းနှင့် ရောဝတီယူနိုက်တက် အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

**❍ ပုလဲမြို့နယ်မှ**

စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်”ဟု ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



# "မျှစ်" သို့မဟုတ် "သဘာဝ၏ အာဟာရသိုက်"

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၆ ခုနှစ် ၊ မေလ)

၁

## "သဘာဝ၏အာဟာရသိုက်"



"မျှစ်"တွင် ကယ်လိုရီနှင့် အဆီဓာတ် အလွန်နည်းပါးစွာပါဝင်ပြီး ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်ဆစ် (ပရိုတိန်းဓာတ်) များ ပါဝင်ပါသည်။ ထို့ပြင် အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေသော အာဟာရဆိုင်ရာ ရတနာတစ်ပါးဖြစ်ပါသည်။



၂

## "မျှစ်"၏အာဟာရတန်ဖိုးများ

လတ်ဆတ်သောမျှစ်စို (၁၀၀) ဂရမ် (၆ ကျပ်သားခန့်) တွင် -

- ကယ်လိုရီဓာတ် (၂၀) မှ (၂၇) ကီလိုကယ်လိုရီခန့်၊
- ကစီဓာတ် (၅) ဂရမ်ခန့်၊
- အသားဓာတ် (၂.၅) ဂရမ်ခန့် (ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်ဆစ် ၁၇ မျိုးခန့်ပါဝင်ပါသည်)၊
- အဆီဓာတ် (၀.၃) ဂရမ်ခန့်၊
- အမျှင်ဓာတ် (၂.၅) မှ (၃.၅) ဂရမ် ခန့်တို့ ပါဝင်ပါသည်။

## "မျှစ်"တွင်ပါဝင်သောအာဟာရဓာတ်များ

- ဗီတာမင် အေ၊
- ဗီတာမင် ဘီအုပ်စု၊
- ဗီတာမင် စီ၊
- ဗီတာမင် အီး၊
- ပိုတက်စီယမ်၊
- မဂ္ဂနီစ်နှင့် ကြေးနီ၊
- ဖော့စဖရပ်စ်နှင့် မဂ္ဂနီစီယမ်ဓာတ်၊
- သံဓာတ်နှင့် ဇင့်ဓာတ်၊
- Phytosterols နှင့်
- မျှစ်ချဉ်တွင် အကျိုးပြုဘက်တီးရီးယား (Probiotics) တို့ ပါဝင်ပါသည်။

၃

မျှစ်တွင် အာဟာရဓာတ်များစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန် တိုက်တွန်းမျှဝေပါ။

## "မျှစ်"၏ကျန်းမာရေးအကျိုးကျေးဇူးများ

မျှစ်တွင် ပါဝင်သည့် -

- အမျှင်ဓာတ်သည် အစာခြေစနစ်ကို ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းမှကာကွယ် ပေးပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးပါသည်၊
- ဗီတာမင်အေနှင့် ဗီတာမင်စီသည် ကိုယ်ခံအားစနစ်အတွက် ကောင်းမွန်စေပါသည်၊
- ဗီတာမင်ဘီအုပ်စုသည် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကိုအထူး အားပေးပါသည်၊
- ဗီတာမင်အီးသည် ဆဲလ်များ ပျက်စီးမှုကို ကာကွယ်ပေးသည့် ဓာတ်တိုးဆန့်ကျင် ပစ္စည်းအဖြစ် ဆောင်ရွက်ပေးပါသည်၊
- ပိုတက်စီယမ်သည် သွေးပေါင်ချိန်ကို ထိန်းညှိပေးပါသည်၊
- မဂ္ဂနီစ်နှင့် ကြေးနီသည် အရိုးအဆစ်ကျန်းမာရေးနှင့် သွေးနီဥ ဖြစ်ပေါ်မှုကို ကူညီပေးပါသည်၊
- ဖော့စဖရပ်နှင့် မဂ္ဂနီစီယမ်သည် ကြွက်သားနှင့် အာရုံကြောလုပ်ငန်းများကို ထောက်ပံ့ပေးပါသည်၊
- သံဓာတ်နှင့် ဇင့်ဓာတ်များသည် ကိုယ်ခံအားနှင့် သွေးအားကောင်းစေပါသည်၊
- Phytosterols သည် ခန္ဓာကိုယ်အတွင်း မကောင်းသော သွေးတွင်းအဆီဓာတ်စုပ်ယူမှုကို လျှော့ချပေးပါသည်၊
- မျှစ်ချဉ်တွင်ပါဝင်သော အကျိုးပြုဘက်တီးရီးယား (Probiotics) သည် အစာအိမ်နှင့် အူလမ်းကြောင်းအတွက် အကျိုးပြုပြီး အစာကြေညက်မှုကို အားပေးပါသည်။

၄

## "မျှစ်"၏စားသုံးနိုင်မှုပုံစံများ

- မျှစ်ကို မျှစ်စို၊ မျှစ်ခြောက်နှင့် မျှစ်ချဉ်ဟူ၍ ပုံစံအမျိုးမျိုးဖြင့် စားသုံးနိုင်ပါသည်။
- မျှစ်ခြောက်ဖြစ်စေ၊ မျှစ်ချဉ်ဖြစ်စေ မချက်ပြုတ်ခင် ရေနွေးနှင့် စိမ်ထားခြင်း သို့မဟုတ် ပြုတ်ခြင်းပြုလုပ်ပါက မျှစ်တွင်ပါဝင်နိုင်သည့် ဓာတုဆေးအကြွင်း အကျန်များကို လျော့နည်းစေနိုင်ပြီး နူးညံ့၍ အရသာပိုမိုကောင်းမွန်စေနိုင်ပါသည်။
- လတ်ဆတ်နူးညံ့ပြီး အရောင်မပြောင်းသေးသည့် မျှစ်စိုကို ဦးစားပေး၍ ရွေးချယ်ချက်ပြုတ်စားသောက်သင့်ပါသည်။



မျှစ်စို



မျှစ်ခြောက်



မျှစ်ချဉ်

၅

## သတိပြုရမည့်အချက်များ

မျှစ်ကို သတိပြု၍ စားသုံးသင့်သူများမှာ -

- အဆစ်အမြစ်ကိုက်ခဲတတ်သူများ၊
- ဂေါက်ရောဂါရှိသူများ၊
- ယူရစ်အက်ဆစ်များသူများ၊
- ကျောက်ကပ်ရောဂါရှိသူများ တို့ဖြစ်ပါသည်။

**မျှစ်ကို အချဉ်ဖောက်စဉ် ယင်နားခြင်း၊ မသန့်ရှင်းသောရေကို အသုံးပြုမိခြင်း၊ ဈေးကွက်ထဲရှိ အချို့သော မျှစ်ချဉ်များတွင် အရောင်ချွတ်ဆေး၊ တာရှည်ခံဆေးများ ပါဝင်နိုင်ခြင်းတို့ကြောင့် မျှစ်ကို စင်ကြယ်သည်အထိ သေချာစွာ ဆေးကြော၍ စနစ်တကျချက်ပြုတ်စားသုံးသင့်ပါသည်။**

၆

မျှစ်တွင် အာဟာရဓာတ်များစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန် တိုက်တွန်းမျှဝေပါ။

# ကိုယ်အလေးချိန်ကျစေသော ဆေးများအကြောင်း

ဒေါက်တာအောင်ညွန့်ပိုင်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာများ တိုးတက်လာမှုနှင့်အတူ လူသားတို့ရင်ဆိုင်နေရသော ကျန်းမာရေးစိန်ခေါ်မှုများမှာလည်း ပုံစံအမျိုးမျိုးဖြင့် ယှဉ်တွဲပါလာသည်။ ၎င်းကျန်းမာရေးစိန်ခေါ်မှုများထဲတွင် အဝလွန်ခြင်းသည် ကမ္ဘာတစ်ဝန်းရှိ လူများစွာကို ဒုက္ခပေးနေသော နာတာရှည်ရောဂါတစ်ခု ဖြစ်လာသည်။ အဝလွန်ခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ အရေးကြီးအင်္ဂါအစိတ်အပိုင်းများကို ပျက်စီးစေပြီး နောက်ဆက်တွဲ သွေးတိုးရောဂါ၊ အမျိုးအစား ၂ ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် အသည်းအဆီဖုံးရောဂါ စသည့်ရောဂါများ ဖြစ်တတ်သည်။

ကိုယ်အလေးချိန် လျှော့ချရန်အတွက် ရှေးယခင်က အစားအသောက်လျှော့စားခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းလုပ်ခြင်း စသည့် ရိုးရာနည်းလမ်းများကိုသာ အားကိုးခဲ့ကြသော်လည်း ရေရှည်တွင် အောင်မြင်မှုရရှိရန် ခက်ခဲခဲ့ကြသည်။ သို့သော် ခေတ်မီဆေးပညာလောက၏ နောက်ဆုံးပေါ် နည်းပညာဆန်းသစ်မှုများကြောင့် ကိုယ်အလေးချိန်ကို ထိရောက်စွာ လျှော့ချပေးနိုင်သည့်ဆေးဝါးများဖြစ်သော Semaglutide နှင့် Tirzepatide တို့ပေါ်ပေါက်လာပြီး အဝလွန်ခြင်းဝေဒနာခံစားနေရသူများအတွက် မျှော်လင့်ချက်အလင်းရောင်သစ်များ ဖြစ်လာခဲ့ကြသည်။

**ကိုယ်အလေးချိန်ချဆေးဝါးများ၏သမိုင်းကြောင်းနှင့် အမျိုးအစားများ**

Semaglutide သည် မူလက ကိုယ်အလေးချိန်ချရန် သီးသန့်တီထွင်ခဲ့သော ဆေးဝါးတစ်ခုမဟုတ်ဘဲ အမျိုးအစား ၂ ဆီးချိုရောဂါခံစားနေရသော လူနာများတွင် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးရန်အတွက် စတင်သုတေသနပြုတီထွင်ခဲ့ခြင်းဖြစ်သည်။ ဆီးချိုလူနာများကို ၎င်းဆေးဝါးဖြင့် ကုသပေးနေစဉ်အတွင်း လူနာများ၏ ကိုယ်အလေးချိန်မှာ သိသိသာသာ လျော့ကျသွားကြောင်း ဆေးပညာရှင်များက သတိပြုမိခဲ့ကြရာမှတစ်ဆင့် ကိုယ်အလေးချိန်ချဆေးအဖြစ်ပါ ကမ္ဘာ့အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက တရားဝင်အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

အခြားတစ်ဖက်တွင် Tirzepatide သည် ကိုယ်အလေးချိန် လျှော့ချရာတွင် နောက်ဆုံးပေါ် စွမ်းဆောင်ရည်အမြင့်မားဆုံး ဆေးဝါးအဖြစ် ရေပန်းစားလာခဲ့သည်။ ၎င်းဆေးဝါးကို ဆီးချိုရောဂါကုသရန်အတွက် မူလက ရည်ရွယ်ခဲ့သော်လည်း ကိုယ်အလေးချိန်ကျဆင်းမှုနှုန်းတွင် ယခင်ဆေးဝါးများထက် သာလွန်ကောင်းမွန်ကြောင်း တွေ့ရှိခဲ့ရသည်။ Tirzepatide ၏ ထူးခြားချက်မှာ ခန္ဓာကိုယ်အတွင်းရှိ ဟော်မုန်းတစ်မျိုးတည်းကိုသာမကဘဲ GLP-1 နှင့် GIP ဟုခေါ်သော ဟော်မုန်းနှစ်မျိုးစလုံး၏ လုပ်ဆောင်ချက်ကို ပူးတွဲအတုယူလုပ်ဆောင်ပေးသည့်အတွက် ဆေးအာနိသင်မှာ ပိုမိုမြန်ဆန်ပြီး ထိရောက်မှု အလွန်မြင့်မားသည်ကို တွေ့ရသည်။

**ဆေးဝါးများ၏ ခန္ဓာကိုယ်တွင်း လုပ်ဆောင်ပုံစနစ်**

Semaglutide နှင့် Tirzepatide ဆေးဝါးများသည် ခန္ဓာကိုယ်အတွင်းရှိ အဆီများကို တိုက်ရိုက်အရည်ဖျော်ပစ်ခြင်း သို့မဟုတ် လောင်ကျွမ်းစေခြင်းမျိုး မဟုတ်ဘဲ လူသားတို့၏ ဦးနှောက်နှင့် အစာခြေစနစ်ကို စနစ်တကျ ပြောင်းလဲထိန်းချုပ်လိုက်ခြင်းဖြစ်သည်။ အဓိက လုပ်ဆောင်ပုံစနစ်မှာ အစာစားချင်စိတ်ကို လှုံ့ဆော်ပေးသော ဦးနှောက်၏အစိတ်အပိုင်းကို သက်ရောက်မှုရှိစေပြီး ခန္ဓာကိုယ်အတွင်း ဗိုက်ပြည့်နေပြီဖြစ်ကြောင်း အမြဲမပြတ် သတင်းပေးပို့နေခြင်းဖြစ်သည်။ ၎င်းကဲ့သို့ လုပ်ဆောင်ပေးသည့်အတွက် ဆေးဝါးသုံးစွဲသူများသည် အစာခဏခဏ စားချင်စိတ်လျော့နည်းသွားသည့်အပြင် သကြားဓာတ်များသော အစားအစာများနှင့် မုန့်ပဲသရေစာများကို တောင့်တခြင်းမှ ကာကွယ် ပေးနိုင်သည်။

အခြားအရေးကြီးသော လုပ်ဆောင်ချက်တစ်ခုမှာ အစာအိမ်၏အလုပ်လုပ်မှုကို နှေးကွေးသွားအောင်




ပြုလုပ်ခြင်းဖြစ်သည်။ အစာအိမ်ထဲသို့ ရောက်ရှိလာသော အစားအစာများကို အစာခြေစနစ်က အပြင်သို့ ချက်ချင်းထုတ်မပစ်ဘဲ အချိန်အကြာကြီး ထိန်းသိမ်းထားသည့်အတွက် ဆေးသုံးစွဲသူသည် အစားအစာ အနည်းငယ်မျှစားရုံဖြင့် ဗိုက်ပြည့်သော ခံစားချက်ကို တစ်နေ့လုံးရရှိနေစေသည်။ ထို့ပြင် ၎င်းဆေးဝါးများသည် မုန့်ချိုအိတ်မှ အင်ဆူလင် ဟော်မုန်းထွက်ရှိမှုကို ထိန်းညှိပေးပြီး သွေးတွင်းသကြားဓာတ်ကို ကောင်းမွန်စွာ ထိန်းချုပ်ပေးနိုင်သောကြောင့် အစားအစာများ စားသုံးပြီးနောက် ခန္ဓာကိုယ်အတွင်း အဆီအဖြစ်ပြောင်းလဲစုဆောင်းမှုကို တားဆီးပေးသည့်အတွက် ကိုယ်အလေးချိန်ကို အထိရောက်ဆုံး ကျဆင်းစေနိုင်သည်။

**ဆေးထိုးရမည့်စနစ်**

အဆိုပါ ကိုယ်အလေးချိန်ချဆေးများသည် နေ့စဉ်ရက်ဆက် သောက်သုံးရသော သို့မဟုတ် ထိုးရသော ဆေးဝါးများမဟုတ်ကြဘဲ ရက်သတ္တပတ်လျှင် တစ်ကြိမ်သာ ပုံမှန်ရက်သတ်မှတ်၍ ထိုးရသော ဆေးဝါးများဖြစ်သည်။ ဆေးဝါးကို အရေပြားအောက်သို့ အပ်အသေးကလေးဖြင့် ကိုယ်တိုင်အလွယ်တကူ ထိုးနှံနိုင်ရန် ထုတ်လုပ်ထားသည်။ ထိုးနှံရမည့်နေရာများမှာ ဆီအလွှာရှိသော ဝမ်းဗိုက်၊ ပေါင် သို့မဟုတ် လက်မောင်းအပေါ်ပိုင်းတို့ ဖြစ်ကြသည်။ ဆေးဝါးစတင်သုံးစွဲချိန်တွင် ခန္ဓာကိုယ်၏ အစာခြေစနစ်က ချက်ချင်းလက်ခံနိုင်ခြင်း မရှိပါက ပြင်းထန်စွာ ပျို့အန်ခြင်းများ ဖြစ်ပွားနိုင်သောကြောင့် အနည်းဆုံးပမာဏမှ စတင်ကာ ရက်သတ္တပတ်အလိုက် ဖြည်းဖြည်းချင်း တိုးမြှင့်သွားရမည့် စနစ်ကို အသုံးပြုကြရသည်။

Semaglutide ကို သုံးစွဲမည်ဆိုပါက တစ်ပတ်မှ လေးပတ်ထိ သုည ဒသမ ၂၅ မီလီဂရမ်၊ ငါးပတ်မှ ရှစ်ပတ်ထိ သုည ဒသမ ၅ မီလီဂရမ်၊ ကိုးပတ်မှ ၁၂ ပတ်ထိ တစ်မီလီဂရမ်၊ ၁၃ ပတ်မှ ၁၆ ပတ်ထိ ၁ ဒသမ ၇ မီလီဂရမ်ထိ တိုးမြှင့်ကာ ၁၇ ပတ်နှင့် ၎င်းနောက်ပိုင်းတွင် အမြင့်ဆုံး ထိန်းသိမ်းရမည့် ပမာဏဖြစ်သော ၂ ဒသမ ၄ မီလီဂရမ်ကို တစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် ပုံမှန်ထိုးနှံသွားရမည်ဖြစ်သည်။

Tirzepatide ကို သုံးစွဲမည်ဆိုပါက တစ်ပတ်မှ လေးပတ်ထိ ၂ ဒသမ ၅ မီလီဂရမ်၊ ငါးပတ်မှ ရှစ်ပတ်ထိ ငါးမီလီဂရမ်သို့ တိုးမြှင့်ရမည်ဖြစ်သည်။ ထို့နောက် လူနာ၏ကိုယ်အလေးချိန် ကျဆင်းမှုရလဒ်နှင့် ခန္ဓာကိုယ်က လက်ခံနိုင်မှု အခြေအနေပေါ်မူတည်၍ လိုအပ်ပါက လေးပတ်လျှင် ၂ ဒသမ ၅ မီလီဂရမ်စီ ထပ်မံတိုးမြှင့်သွားနိုင်ပြီး အမြင့်ဆုံးပမာဏဖြစ်သော ၁၅ မီလီဂရမ်ထိ တစ်ပတ်တစ်ကြိမ်နှုန်းဖြင့် တိုးမြှင့်ထိုးနှံနိုင်သောစနစ်ဖြစ်သည်။

**ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့် ဘေးထွက်ဆိုးကျိုးများ**

၎င်းခေတ်မီဆေးဝါးများကို စနစ်တကျသုံးစွဲခြင်းဖြင့် ရရှိနိုင်မည့် အဓိကကျန်းမာရေးအကျိုးကျေးဇူးမှာ ကိုယ်အလေးချိန် သိသိသာသာ ကျဆင်းသွားခြင်းဖြစ်သည်။ ဆေးပညာစမ်းသပ်ချက်များအရ အဆိုပါဆေးဝါးကို ရေရှည်စနစ်တကျ သုံးစွဲသူများသည် မိမိတို့၏ မူလခန္ဓာကိုယ်အလေးချိန်၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ အံ့သြစရာကောင်းလောက်အောင် ကျဆင်းသွားသည်ကို တွေ့ရသည်။ ကိုယ်အလေးချိန်ကျဆင်းသွားခြင်း၏ နောက်ဆက်တွဲရလဒ်အနေဖြင့် သွေးတိုးရောဂါရှိသူများတွင် သွေးဖိအား ကျဆင်းလာခြင်း၊ နှလုံးအမောဖောက်ခြင်းနှင့် လေဖြတ်ခြင်းကဲ့သို့သော နှလုံးနှင့်သွေးကြောဆိုင်ရာ ရောဂါများကြောင့် ရုတ်တရက်သေဆုံးနိုင်ခြေကို လျှော့ချပေးနိုင်သည်။ ထို့ပြင် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများတွင်စုဝေးနေသောအဆီများကို လျင်မြန်စွာ လောင်ကျွမ်းစေနိုင်သောကြောင့် အသည်းအဆီဖုံးခြင်းဝေဒနာကို သိသိသာသာ သက်သာစေသည့်အပြင် ဆီးချိုရောဂါဖြစ်လုနီးပါး ဆီးချိုအကြိုအဆင့်ဖြစ်နေသူများကိုလည်း ပုံမှန်ကျန်းမာသော အဆင့်သို့ ပြန်လည်ရောက်ရှိစေနိုင်သည်။

မည်မျှပင် ကောင်းမွန်သော ဆေးဝါးဖြစ်ပါစေ ဘေးထွက်ဆိုးကျိုးသည် ယှဉ်တွဲပါမြဲဖြစ်သည်။ ဆေးစတင်ထိုးခါစ ရက်သတ္တပတ်များတွင် အဖြစ်အများဆုံး လက္ခဏာများမှာ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်း သို့မဟုတ် ဝမ်းချုပ်ခြင်းတို့ ဖြစ်ကြသည်။ အစာခြေစနစ် နှေးကွေးသွားခြင်းကြောင့် လေပွခြင်း၊ ရင်ပူခြင်း၊ အစာမကြေခြင်းနှင့် ဗိုက်ရစ်နာခြင်းတို့ကိုလည်း ကြုံတွေ့ရတတ်သည်။ ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများအနေဖြင့် မုန့်ချိုအိတ်ရောင်ခြင်းနှင့် သည်းခြေအိတ်အတွင်း ကျောက်တည်ခြင်းတို့ ဖြစ်ပွားနိုင်သည်။ အခြားသတိပြုရမည့်အချက်မှာ ဆေးဝါးကြောင့် အစာလုံးဝမစားဘဲနေမိပါက ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များ ပြတ်လပ်ပြီး အဆီတင်မကဘဲ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော ကြွက်သားထုများပါ ဆုံးရှုံးလျော့နည်းသွားတတ်ခြင်းဖြစ်သည်။

**ဆေးဝါးမသုံးစွဲသင့်သည့်သူများနှင့် လိုက်နာရမည့် စည်းကမ်းများ**

၎င်းဆေးဝါးများသည် လူတိုင်းနှင့် သင့်တော်သော ဆေးဝါးများ မဟုတ်ကြသဖြင့် သုံးစွဲရန် လုံးဝတားမြစ်ထားသော ပုဂ္ဂိုလ်များရှိသည်။ မိမိ၏ မိသားစုမျိုးရိုးထဲတွင် သိုင်းရွိုက်ကင်ဆာရောဂါ ဖြစ်ပွားဖူးသည့် မှတ်တမ်းရှိလျှင် ၎င်းဆေးဝါးများကို လုံးဝမသုံးစွဲရပါ။ ထို့ပြင် ကိုယ်ဝန်ဆောင်နေချိန်အတွင်းနှင့် မိခင်နို့တိုက်ကျွေးနေချိန်များတွင်လည်း သန္ဓေသားနှင့် ရင်သွေးငယ်ကို ထိခိုက်နိုင်သဖြင့် အသုံးပြုရန် ပြင်းထန်စွာတားမြစ်ထားသည်။ ဆေးဝါးကို ကျောက်ကပ်မှတစ်ဆင့် စနစ်တကျ စွန့်ထုတ်ရခြင်းဖြစ်သောကြောင့် ပြင်းထန်စွာ ကျောက်ကပ်ပျက်စီးနေသူများနှင့် မုန့်ချိုအိတ်ရောင်သည့် မှတ်တမ်းရှိသူများသည်လည်း ၎င်းဆေးဝါးများကို အထူးရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ဆေးဝါးကို သုံးစွဲနေစဉ်အတွင်း ကျန်းမာရေး မထိခိုက်စေရန်အတွက် လိုက်နာရမည့် စည်းကမ်းချက်များမှာ အလွန်အရေးကြီးသည်။ ပထမဦးစွာ အစာစားချင်စိတ်လျော့နည်းနေချိန်တွင် ကြွက်သားများ အရည်ပျော်မသွားစေရန်အတွက် ကြက်ရင်ပုံသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ပဲအမျိုးမျိုးတို့ကဲ့သို့သော ပရိုတင်းဓာတ်ကြွယ်ဝသည့် အစားအစာများကို ပြည့်ဝအောင် ဦးစားပေးစားသုံးရမည်။ ဒုတိယအနေဖြင့် အစားနည်းသွားချိန်တွင် ဗီတာမင်ဓာတ်မပြတ်လပ်စေရန် ဆရာဝန်ညွှန်ကြားချက်ဖြင့် (Multivitamin) အားဆေးများကို မှန်မှန်သောက်သုံးပေးရမည်ဖြစ်ပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ရန် အမျှင်ဓာတ်ပါသော အသီးအရွက်များကို နေ့စဉ်စားပေးရမည်။ တတိယအနေဖြင့် ဆေးထိုးထားစဉ်အတွင်း အဆီအဆိမ့်များသော အစားအစာများ၊ ဆီကြော်မုန့်များနှင့် အချိုရည်များကို လုံးဝရှောင်ကြဉ်ရမည်ဖြစ်ပြီး ၎င်းအဆီများကို စားမိပါက ပြင်းထန်စွာ ပျို့အန်ခြင်းနှင့် ရင်ပူခြင်းဝေဒနာတို့ကို ခံစားရတတ်သည်။ စတုတ္ထအနေဖြင့် ပျို့အန်ဝမ်းပျက်ခြင်းကြောင့် ရေဓာတ်ခမ်းခြောက်ပြီး ကျောက်ကပ်ကို မထိခိုက်စေရန် ရေကိုဂရုစိုက်၍ များများသောက်ပေးရမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ဖော်ပြရပါက Semaglutide နှင့် Tirzepatide ကိုယ်အလေးချိန်ချဆေးများသည် ထိုင်နေရုံဖြင့် ဝိတ်ကျစေနိုင်သည့် ဆေးများ မဟုတ်ကြပါ။ ဆေးဝါးကို ရပ်တန့်လိုက်ပြီးနောက် အစားအသောက်နှင့် လူနေမှုဘဝပုံစံကို စနစ်တကျ ဆက်လက်မထိန်းသိမ်းပါက ကျဆင်းသွားသော ကိုယ်အလေးချိန်များသည် မူလအဆင့်သို့ ပြန်လည်မြင့်တက်လာမည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါဆေးဝါးများကို သုံးစွဲလိုပါက နားလည်တတ်ကျွမ်းသည့် ဆရာဝန်များ၏ ညွှန်ကြားချက်၊ စစ်ဆေးချက်များဖြင့်သာ စနစ်တကျ သုံးစွဲရမည်ဖြစ်ပြီး ရေရှည်တည်တံ့သော လူနေမှုဘဝပုံစံ ပြောင်းလဲခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်းတို့နှင့် ပူးတွဲလုပ်ဆောင်မှသာလျှင် ဘေးအန္တရာယ်ကင်းပြီး အကောင်းဆုံးသော ကျန်းမာရေးနှင့် အလှအပရလဒ်ကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်း ကွယ်လွန်

အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းသည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ဆရာမကြီး ဒေါက်တာမတင်ဝင်းကို အဘ ဦးဘဌေး၊ အမိ ဒေါ်ရင်တို့က ၁၉၄၀ ပြည့်နှစ်တွင် မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့၌ မွေးဖွားခဲ့သည်။

ဆရာမကြီးသည် ၁၉၅၆ ခုနှစ်တွင် ရေနံချောင်းမြို့ အထက(၁)မှ တက္ကသိုလ်ဝင်တန်း၊ ၁၉၅၈ ခုနှစ်တွင် မကွေးဥပစာကောလိပ်မှ ဥပစာတန်းတို့ အောင်မြင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မဟာပညာရေးဌာနမှ ပညာရေးဝိဇ္ဇာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပြီး ထိုနှစ်တွင်ပင် ရေနံချောင်းမြို့ အထက(၁)တွင် အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ဆိုဗီယက်နိုင်ငံသို့ ပညာသင်အဖြစ် သွားရောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် သင်ပြနည်းပညာ (သမိုင်းအထူးပြု) ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ ပညာရေးတက္ကသိုလ်တွင် သင်ပြနည်းပညာဌာန၊ ပါမောက္ခအထိ တာဝန်များထမ်းဆောင်ခဲ့သည်။

၁၉၆၈ ခုနှစ်တွင် ပညာတန်ဆောင်မဂ္ဂဇင်း၌ ပညာရေးဆိုင်ရာဆောင်းပါးများ စတင်ရေးသားခဲ့ပြီး ၁၉၈၄ ခုနှစ်ထုတ် "သောင်းပြောင်းထွေလာ" မဂ္ဂဇင်းမှစ၍ စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ပထမဆုံးပုံနှိပ်စာအုပ်မှာ ၁၉၉၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် "ရာဇဝင်ထဲက မိန်းမသား" စာအုပ်ဖြစ်သည်။

ထုတ်ဝေခဲ့သော စာအုပ်များအနက် ၂၀၀၁ ခုနှစ်တွင် "ကုန်းဘောင်ကိုဆန်၍" စာအုပ်ဖြင့် အမျိုးသားစာပေ(နိုင်ငံရေး)ဆု၊ ၂၀၀၃ ခုနှစ်တွင် "အာရှနိုင်ငံများကို ဖွဲ့ယူသိမ်းပိုက်ခဲ့ကြသည့် နယ်ချဲ့များ" စာအုပ်ဖြင့် အမျိုးသားစာပေ(နိုင်ငံရေး)ဆု၊ ၂၀၀၄ ခုနှစ်တွင် "မင်းယောက်ျားတို့၏ စကားရာဇဝင်" စာအုပ်ဖြင့် အမျိုးသားစာပေ(စာပဒေသာ)ဆု၊ ၂၀၀၈ ခုနှစ်တွင် "စစ်မီးမငြိမ်း မြက်မစိမ်းနိုင်သည့်မြေ"စာအုပ်ဖြင့် သုတစွယ်စုံစာပေဆုတို့ကို ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုရရှိခဲ့ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် အလင်္ကာကျော်စွာဘွဲ့နှင့် စည်သူဘွဲ့ (၂၀၂၅) ရရှိခဲ့သည်။ စာရေးသက် အနှစ် ၃၀ ကျော်အတွင်း ပညာရေးဆောင်းပါးများစွာ ရေးသားခဲ့ပြီး လုံးချင်းစာအုပ် ၁၁၁ အုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။



ဆရာမကြီးသည် ကွယ်လွန်ချိန်တွင် အသက် (၈၇)နှစ်ရှိပြီဖြစ်သည်။ ဆရာမကြီး ကွယ်လွန်သွားခြင်းသည် မိသားစုဝင်များ၊ စာပေမိတ်ဆွေများနှင့် မြန်မာစာပေလောကအတွက် ကြီးမားသောဆုံးရှုံးမှုတစ်ခုဖြစ်ပါသည်။

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်းရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေနဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ရက် ၉၀ ဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ချိတ်ဆက်တာတွေရှိနေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့အဓိကထား တင်ပို့ရောင်း ချနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှား လိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာယာဝတီမြို့နယ် သဇင်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဇင်အိုင်ကျေးရွာနှင့် တောဝွေ့(တောင်) ကျေးရွာအတွက် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးခြင်းကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက သဇင်အိုင်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လေးလေးလွင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၅၂ ဒသမ ၉၉ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါ ကျေးရွာနှစ်ရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၃၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦး၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊အသင်းသူ ၁၄၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၉၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သော်ဇင်ထူး**

# မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**မုဒုံ ဇူလိုင် ၁၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြိုင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇူလိုင် ၉ ရက် နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များနှင့်အတူ မြိုင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများကို ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြိုင်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ခြောက်သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၁၅ ဒသမ ၈ သန်း၊ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၃၆ ဒသမ ၃ သန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၉ ဒသမ ၆ သန်းထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းထံမှ သိရသည်။

**အေးမြတ်**

# ပေါက်ခေါင်းမြို့နယ် ကျွဲပေါင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပေါက်ခေါင်း ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲပေါင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျွဲပေါင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများပြည့်စုံမှုရှိ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ် ကျွဲပေါင်ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၃၂ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကိုငွေကျပ် ၉ ဒသမ ၃ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၅ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၄၂ သန်း ထုတ်ချေး ပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်လုပ်ကိုင် ဆောင်ရွက် လျက်ရှိကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်း ထံမှ သိရသည်။

**ချိုလေး**

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေဖတ်ကြစို့**

# ရေကြီးချိန်တွင် သတိပြုလိုက်နာ ဆောင်ရွက်သင့်သည်များ

**မန်းတင့်မော်**



"ဝါဆိုဝါခေါင် ရေဖောင်ဖောင်" ဟူသော စကားအတိုင်းချောင်းများ၊ မြစ်များတွင် ရေတက်ချိန်ရောက်ခဲ့ပြီ။ ယခုအခါ ဝါထပ်နှစ်ဖြစ်သည့်အတွက် ပထမဝါဆိုလတွင် ရေတက်သည်ဆိုသော်လည်း စိုးရိမ်ရေမှတ်ရောက်သည်ထိ မရောက်သေး။ သို့သော် မကြာမီရောက်လာတော့မည်။ နှစ်စဉ်ချောင်းများ၊ မြစ်များတွင် ရေကြီးမှုက ကျရောက်မြဲဟုဆိုနိုင်သည်။ အနောက်တောင် မုတ်သုံလေဝင်ရောက်ချိန်တွင် မိုးရွာပြီး ရေကြီးရေလျှံမှုဖြစ်လေ့ရှိသည်။ မုတ်သုံလေစောစောဝင်သော နှစ်ရှိသကဲ့သို့ နောက်ကျမှ ဝင်သောနှစ်များနှင့်လည်း ကြုံရတတ်သည်။ မည်သို့ပင်ဖြစ်စေ မုတ်သုံမိုးကြောင့် ရေကြီးရေလျှံမှုကတော့ ရှိနိုင်သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးခြင်းသည် သဘာဝဖြစ်ရပ်တစ်ခုဖြစ်သည်။ ရေကြီးရေလျှံခြင်းသည် ချောင်းများ၊ မြစ်များသာမကပဲ မြို့ပြနှင့် ကျေးလက်ရှိ လယ်ယာများတွင်လည်း ဖြစ်ပွားတတ်သည်။ လယ်ယာစိုက်ပျိုးရေးအတွက် မိုးရေက အဓိကလိုအပ်သည်။ သို့သော် လိုအပ်သည်ထက် မိုးပိုရွာသွန်းပါက လယ်ယာများတွင် ရေကြီး၍ ရေလွှမ်းခြင်းများဖြစ်တတ်သည်။ လိုသည်ထက် ပိုသောရေကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးတတ်သည်။ အထွက်နှုန်း လျော့ကျတတ်သည်။ အသစ်ပြန်လည်စိုက်ပျိုးရသဖြင့် သီးနှံထွက်ချိန် နောက်ကျတတ်သည်။ တစ်ဖန်မိုးရာသီတွင် ရိတ်သိမ်းရသော နွေစပါး၊ နွေနှမ်း စသောသီးနှံများကလည်း ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးရတတ်သည်။ စိုက်ပျိုးချိန်ရေကြီးမှုကြောင့် ပျိုးခင်းများ ရေနစ်ပျက်စီးတတ်ခြင်းများလည်းရှိနိုင်သည်။ မိုးနှင့်ရေက အထူးသတိပြုကြရမည့်အရာနှစ်ခုဖြစ်ပါသည်။

ရေကြီးခြင်းကို ချောင်းများ၊ မြစ်များအနီးနေထိုင်သူများ နှစ်စဉ်ကြုံတွေ့နိုင်သည်။ မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းမြစ်ဟူသော မြစ်ကြီးလေးသွယ်တည်ရှိသည်။ ကျန်မြစ်ငယ်၊ ချောင်းငယ်များစွာကလည်း နိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ရေချိုအရင်းအမြစ်များစွာ ပိုင်ဆိုင်လျက်ရှိသည်ဟု ဆိုနိုင်သည်။ အဆိုပါချောင်းများ၊ မြစ်များအားလုံး မိုးရာသီတွင် ရေကြီးရေလျှံမှုများရှိကြသည်။ တစ်နှစ်ပတ်လုံး ရေစီးဆင်းလျက်ရှိသော ချောင်းများ၊ မြစ်များရှိသကဲ့သို့ မိုးရာသီရောက်ရှိမှရေစီးသောချောင်းများစွာလည်းရှိသည်။ အညာဒေသတွင် ချောင်းများစွာရှိသည်။ ထိုချောင်းများက မိုးသည်းထန်စွာ ရွာသွန်းသောအခါ ချောင်းရေများတစ်ဟုန်ထိုး အရှိန်ပြင်းစွာစီးဆင်းလျက် ချောင်းကမ်းပါးရှိ လူနေအိမ်များ၊ ကျေးရွာများကို ရေအလုံးအရင်းဖြင့် တိုက်စားသွားတတ်သည်များလည်းရှိသည်။ အညာဒေသတွင် မကြာခဏကြုံတွေ့ရလေ့ရှိရာ ထိုသဲချောင်းများအနီးတွင် နေထိုင်သူများအနေဖြင့် မိုးသည်းထန်စွာရွာချိန်တွင် အထူးသတိပြု နေထိုင်ကြရပါမည်။

မြစ်ချောင်းများအတွင်း ရေကြီးရခြင်းမှာ အကြောင်းအမျိုးမျိုးရှိပါသည်။ သဘာဝမိုးရေကြောင့် ရေလျှံ၍ ရေကြီးခြင်းရှိသည်။ မြစ်ချောင်းများ၏ ရေစီးဆင်းပုံ ပြောင်းလဲလာခြင်းကြောင့်လည်း ရေကြီးခြင်းဖြစ်ပေါ်တတ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိမြစ်များ၏ စီးဆင်းပုံမှာ ရှေးယခင်ကပန်းကန်လုံးပုံ နက်ရှိုင်းစွာ စီးဆင်းရာမှ ယခုအခါ ပန်းကန်ပြားပုံ တစ်နည်းလင်ပန်းပုံ တိမ်လျက်စီးဆင်းလာသည်ဟု ပညာရှင်များက သုံးသပ်ထားသည်။ ထိုသုံးသပ်ချက်အရ မြန်မာနိုင်ငံရှိမြစ်ကြီးများကလည်း အထက်ပါနည်းအတိုင်း စီးဆင်းလျက်ရှိသဖြင့် ရေကြီးခြင်းအန္တရာယ်နှင့် နှစ်စဉ်ရင်ဆိုင်ရဖွယ်ရှိလာတော့သည်။ မြစ်များကို မြစ်ညာ၊ မြစ်လယ်၊ မြစ်ဝှမ်းဟု အခြေခံအပိုင်းသုံးပိုင်းတည်ရှိရာ ရေကြီးရေလျှံခြင်းသည် အပိုင်းအားလုံးတွင် ဖြစ်ပေါ်တတ်သည်။ ရေကြီးခြင်းအကြောင်းရင်းများတွင် မြစ်ညာရှိ သစ်ပင်၊ သစ်တောများ ပြုန်းတီးလာခြင်းကြောင့်ဖြစ်သည်။ သစ်ပင်၊ သစ်တောများက မိုးရေကို ထိန်းပေးနိုင်သည်။ မြေဆီလွှာကို ရေတိုက်စားခြင်းမှလည်း ကာကွယ်ပေးသည်။ ရာသီဥတုကိုလည်း မျှတစေသည်။ သစ်ပင်များမရှိသော အခါ မိုးရေက မြေဆီလွှာကို တိုက်ရိုက်တိုက်စားလျက် မြစ်ချောင်းများသို့ ရေထုကြီးစွာ ဝင်ရောက်စေသည်။ ထို့ကြောင့် ရေကြီးရေလျှံမှုက သဘာဝထက်လွန်ကဲသော အနေအထားသို့ အချိန်တိုအတွင်း ရောက်ရှိသွားတော့သည်။ ထို့ကြောင့် မြစ်ကြောင်းတစ်လျှောက်လုံး ဝဲယာအနှံ့ သစ်ပင်၊ သစ်တောများ ထူထောင်ရန်လိုအပ်သည်။

ချောင်းများ၊ မြစ်များအတွင်းသို့ စွန့်ပစ်ပစ္စည်းများစွာ စွန့်ပစ်ခြင်းကလည်း ရေကြီးရေလျှံခြင်းကို ဖြစ်ပေါ်စေသည်။ ထိုသည်ကို လူသားတို့၏ ပယောဂကြောင့်ဟူ၍ ပညာရှင်များက ဆိုသည်။ မြန်မာ့ချောင်း၊ မြစ်ကမ်းများကိုကြည့်လျှင် စွန့်ပစ်အမှိုက်များစွာကို အမြဲလိုလို တွေ့မြင်နိုင်သည်။ ကျေးလက်တွင် ကျေးလက်အလျောက်၊ မြို့ပြတွင် မြို့ပြအလျောက် မြစ်ကမ်း၊ ချောင်းကမ်းများတွင် ရောမအမှိုက်ပုံများကို တွေ့ကြရမည်။ လူတို့ မဆင်မခြင်စွန့်ပစ်ကြသော အမှိုက်များဖြစ်၏။ အလွယ်တကူ ဆွေးမြည့်ပျက်စီးလွယ်သော အမှိုက်များပါဝင်သကဲ့သို့ မြေနှင့်ရေထဲတွင် အလွယ်တကူ မဆွေးဘဲ ကာလရှည်တည်ရှိနေနိုင်သည့် အမှိုက်များကလည်း ပမာဏကြီးစွာ ပါဝင်လျက်ရှိသည်။ လူတိုင်း၊ အိမ်တိုင်းအလွယ်တကူသုံး၍ အလွယ်တကူ စွန့်ပစ်လိုက်သော ကြွပ်ကြွပ်အိတ်များပင်ဖြစ်သည်။ ကြွပ်ကြွပ်အိတ်များက မြစ်ချောင်းများတွင်သာ ရေကြီးရေလျှံခြင်းဖြစ်ပေါ်စေသည်မဟုတ်။ မြို့ပြရှိ ရေမြောင်းများအတွင်းသို့ စွန့်ပစ်ခြင်းအားဖြင့် ရေမြောင်းများပိတ်ဆို့၍ မြို့ပြရှိ လမ်းမကြီးများပေါ်တွင်လည်း ရေကြီးရေလျှံမှုဖြစ်ပွား၍ သွားလာရာတွင် အခက်အခဲဖြစ်စေသည်။ ရေစီးဆင်းရာ ရေမြောင်းများ၊ ချောင်းများနှင့် မြစ်ကြီးများသည် အမှိုက်ပစ်ရန်နေရာများ မဟုတ်ကြ။

စွန့်ပစ်အမှိုက်များက ရေကြီးရေလျှံရုံသာမက ချောင်းမြစ်များ၏ ဂေဟစနစ်ကိုလည်း ကမောက်ကမဖြစ်စေနိုင်သည်။ ရေနေသဘာဝပေါက်ပင်များနှင့် ရေနေသတ္တဝါများကိုပါ ထိခိုက်နိုင်သည်။ ချောင်းရေ၊ မြစ်ရေညစ်ညမ်းခြင်း၏ အကျိုးဆက်များဖြစ်သည်။ နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်ပေါ်သော်လည်း ရေနေသတ္တဝါမျိုးစိတ်အချို့မှာ မျိုးသုဉ်းပျောက်ကွယ်မှုအန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။ ယခင်က ပေါများခဲ့သော ငါး၊ ပုစွန်မျိုးစိတ်များကလည်း ရှားပါးလာခဲ့ပြီဖြစ်သည်။ ရေနေအပင်များကလည်း ရေထုညစ်ညမ်းမှုကြောင့် လျော့ပါးလာသည့်နည်းတူမျိုးသုဉ်းပျောက်ကွယ်ရန် နီးစပ်လျက်ရှိသော အပင်များအဖြစ် ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ ပုံမှန်မဟုတ်သော ရေကြီးရေလျှံခြင်းက သဘာဝပတ်ဝန်းကျင်ကိုထိခိုက်နိုင်ခြင်းဖြစ်စဉ်တွင် သတ္တဝါနှင့် အပင်များသာမက အခြားသော အကြောင်းအရာများစွာလည်း ရှိနိုင်ပါသေးသည်။

ရေကြီးချိန်တွင် ရေကြီးနေကျ မြို့ရွာများအနေဖြင့် သတိပြုရန် အချက်များရှိသည်။ ၎င်းတို့ကို အကျဉ်းချုပ်၍ ဖော်ပြသွားပါမည်။ ကျွဲ၊ နွားများကို ရေမကြီးခင်ကတည်းက ရေဘေးလွတ်ရာသို့ ကြိုတင် ပြောင်းရွှေ့ထားကြရမည်။ သီးနှံသိုလှောင်ရာ ကျီ၊ ပုတ်များကို မြှင့်ခြင်း၊ စပါး၊ ကောက်ပဲသီးနှံများကို အမြင့်တွင် ပြောင်းရွှေ့သိုလှောင်ခြင်းများကို ကြိုတင်လုပ်ဆောင် ကြရမည်။ စားနပ်ရိက္ခာများကိုလည်း ကြိုတင်စုဆောင်း သိုလှောင်ထားရမည်ဖြစ်သည့်အပြင် ထိုအချိန်၌ လုပ်ငန်းခွင်နားနေရသဖြင့် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချနိုင်ရန်ကိုလည်း ပြင်ဆင်ထားရမည်ဖြစ်သည်။

ရေကြီးချိန်တွင် သောက်သုံးရေ မသန့်ရှင်းပါက ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် အရေပြားဆိုင်ရာ ရောဂါများ ဖြစ်ပွားတတ်သဖြင့် ကြိုတင်ပြင်ဆင် ကာကွယ်ကြရမည်။ ရေကြီးချိန်များတွင် ရေနှင့်အတူ အဆိပ်ရှိ မြွေအမျိုးမျိုးပါလာ၍ အိမ်များအတွင်း ဝင်ရောက်ခိုအောင်းတတ်သည်။ မြွေပွေး၊ မြွေစိမ်းအမျိုးမျိုး၊ မြွေဟောက်၊ ငန်းတော်ကျားစသော မြွေများက ရေနှင့်အတူပါလာတတ်သဖြင့် မြွေကိုက်ခံရပါက လူ့အသက်ဆုံးရှုံးသည်ထိ ထိခိုက်နိုင်၍ ရေနှင့်အတူ မြွေအန္တရာယ်ကိုပါ သတိပြုကြရမည်ဖြစ်သည်။

ရေကြီးချိန်တွင် မိုးလေဝသဌာနနှင့် ဇလဗေဒဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီရာသီဥတုဆိုင်ရာ သတင်းများကို ထုတ်ပြန်သတိပေးလျက်ရှိသည်။ ယနေ့အချိန်အခါသည် လူတိုင်းနီးပါး လူမှုကွန်ရက်စာမျက်နှာများကို အသုံးပြုလျက်ရှိရာ မိုးလေဝသသတင်းများကို နိုင်ငံပိုင်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား စသောသတင်းမီဒီယာများကနေ မှန်ကန်သော သတင်းအချက်အလက်များကို ဖတ်ရှုနားဆင်နိုင်သည်။

အချုပ်အားဖြင့် ရေကြီးချိန်တွင် ဆောင်ရန်၊ ရှောင်ရန်များစွာရှိသည်ကို သတိပြုလိုက်နာဆောင်ရွက်ကြခြင်းဖြင့် ရေကြီးချိန်ကို အန္တရာယ်ကင်းစွာ ကျော်ဖြတ်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားအပ်ပါသည်။

**❖ ရေကြီးချိန်တွင် ရေကြီးနေကျ မြို့ရွာများအနေဖြင့် သတိပြုရန် အချက်များရှိသည်။ ၎င်းတို့ကို အကျဉ်းချုပ်၍ ဖော်ပြသွားပါမည်။ ကျွဲ၊ နွားများကို ရေမကြီးခင်ကတည်းက ရေဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ထားကြရမည်။ သီးနှံသိုလှောင်ရာ ကျီ၊ ပုတ်များကို မြှင့်ခြင်း၊ စပါး၊ ကောက်ပဲသီးနှံများကို အမြင့်တွင် ပြောင်းရွှေ့သိုလှောင်ခြင်းများကို ကြိုတင်လုပ်ဆောင်ကြရမည်။ စားနပ်ရိက္ခာများကိုလည်း ကြိုတင်စုဆောင်း သိုလှောင်ထားရမည်ဖြစ်သည့်အပြင် ထိုအချိန်၌ လုပ်ငန်းခွင်နားနေရသဖြင့် အားလပ်ချိန်များကို အကျိုးရှိစွာအသုံးချနိုင်ရန်ကိုလည်း ပြင်ဆင်ထားရမည်ဖြစ်သည်။ ❖**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ပြင်သစ်နိုင်ငံအလယ်ပိုင်းတွင် လောင်ကျွမ်းနေသောတောမီးက ခဲယမ်းမီးကျောက် ထုတ်လုပ်သည့်စက်ရုံသို့ကူးစက်နိုင်သဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်း



**ပဲရစ် ဇူလိုင် ၁၀**

ပြင်သစ်နိုင်ငံအလယ်ပိုင်းတွင် လောင်ကျွမ်းနေသော တောမီးသည် ခဲယမ်းမီးကျောက်ထုတ်လုပ်သည့်စက်ရုံသို့ ကူးစက်နိုင်သဖြင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ တောမီးသည် မော်သိုမီယာမြို့ရှိ ပြင်သစ်-ဂျာမနီ ကာကွယ်ရေးလက်နက်ထုတ်လုပ်ရေးကုမ္ပဏီလုပ်ငန်းစု (KNDS)၏ ခဲယမ်းမီးကျောက် ထုတ်လုပ်သည့် စက်ရုံသို့ ကူးစက်ကာ ပေါက်ကွဲမှုများနှင့် နောက်ထပ်မီးလောင်ကျွမ်းမှုများ ဖြစ်ပွားနိုင်သဖြင့် အန္တရာယ်ရှိသော ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ဒေသခံဦးရေ ၁၀၀ ခန့်ကို ဒေသအာဏာပိုင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး လက်ရှိတွင် မြို့တော်ခန်းမ၌ ယာယီခိုလှုံနေထိုင်ခွင့်ပေးထားကာ အစားအသောက်၊ အဝတ်အထည်နှင့် ဆေးဝါးများ ပံ့ပိုးပေးထားကြောင်း သိရသည်။

အလားတူ KNDS လုပ်ငန်းစုကလည်း ၎င်း၏ ခဲယမ်းမီးကျောက်ထုတ်လုပ်သည့် စက်ရုံသို့ တောမီးကူးစက်လာနိုင်သဖြင့် စက်ရုံအလုပ်သမားဦးရေ ၅၀၀ ကို ဘေးလွတ်ရာ ကြိုတင်ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

အဆိုပါ တောမီးအန္တရာယ် မြင့်တက်လာမှုကို ထိန်းချုပ်တုံ့ပြန်ရန် ဒေသတွင်း မီးသတ်တပ်ဖွဲ့ဝင်များအပြင် ဆိုက်ပရပ်စ်၊ ဂရိ၊ အီတလီ၊ ပြင်သစ်၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံတို့မှ မီးသတ်တပ်ဖွဲ့ဝင် ၇၇၇ ဦးကိုလည်း ဥရောပကော်မရှင်က စေလွှတ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဂျာမနီနိုင်ငံတွင် အပူလှိုင်းဖြစ်သန်းပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သောရောဂါများဖြင့် သေဆုံးသူဦးရေ ၅၀၀၀ ထက်မနည်းရှိနေ

**ဘာလင် ဇူလိုင် ၁၀**

ဂျာမနီနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့်ရောဂါဝေဒနာများဖြင့် သေဆုံးသူ ဦးရေ ၅၀၀၀ ထက်မနည်းရှိနေကြောင်း ဂျာမနီမိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မှာ ၄၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး သေဆုံးသူများအနက် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများပြားကြောင်း၊ သေဆုံးသူများအနက် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုမိုများပြားခဲ့ကြောင်း၊ ဂျာမနီနိုင်ငံတွင် ၂၀၂၆ ခုနှစ်အတွင်း မြင့်တက်ခဲ့သော အပူချိန်သည် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၂၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်မားခဲ့သည့်အတွက်ကြောင့် သေဆုံးသူမြင့်မားခဲ့ခြင်းဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံအပြင် အခြားသော ဥရောပနိုင်ငံများတွင်လည်း အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်ပြီး သေဆုံးသူအမြောက်အမြား ရှိခဲ့ကြောင်း သိရသည်။

"အခုနှစ်အတွင်း အပူချိန်တွေ ဆက်တိုက် မြင့်တက်ခဲ့ပါတယ်။ အပူချိန်ဟာ ၄၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီးတော့ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၂၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီးတော့ သေဆုံးသူဦးရေ ၅၀၀၀ ထက်မနည်းရှိခဲ့ပါတယ်။ သေဆုံးသူတွေထဲမှာ အများစုက အသက် ၇၅ နှစ်နဲ့အထက် သက်ကြီးရွယ်အိုပိုင်းက ပိုများပါတယ်။ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပိုများပါတယ်။ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေလဲသေဆုံးခဲ့ပါတယ်"ဟု ဂျာမနီမိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အယ်ဘတ်တာပြည်နယ်နှင့် ဆက်ကာချီဝမ်ပြည်နယ် နယ်ခြားတွင် လေဆင်နှာမောင်းတိုက်ခတ်ပြီး လူနေအိမ်များပျက်စီးခဲ့

**အော့တဝါ ဇူလိုင် ၁၀**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်နှင့် ဆက်ကာချီဝမ်ပြည်နယ် နယ်ခြားတွင် ဇူလိုင် ၉ ရက်က လေဆင်နှာမောင်းတိုက်ခတ်ပြီး လူနေအိမ်များပျက်စီးခဲ့ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်း အားကောင်းခဲ့သည့်အတွက် ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် ပျက်စီးမှုနှုန်း မြင့်မားခဲ့ကြောင်း၊ လေဆင်နှာမောင်းကြောင့် ပျက်စီးခဲ့သည့်နေရာပေါင်း ၄၂ နေရာထိရှိခဲ့ပြီး ပျက်စီးမှုများကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း၊ လေဆင်နှာမောင်းဝင်ရောက် တိုက်ခတ်ခဲ့ပြီးနောက် မိုးသက်လေပြင်း ကျရောက်မည့် လက္ခဏာများလည်း မြင်တွေ့နေရသည့်အတွက် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်များပြုလုပ်နေကြောင်း သိရသည်။



"အယ်ဘတ်တာပြည်နယ်နဲ့ ဆက်ကာချီဝမ်ပြည်နယ် နယ်ခြားဒေသမှာ အားကောင်းတဲ့ လေဆင်နှာမောင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တွေ ပျက်စီးခဲ့ရပါတယ်။ ဒေသခံသုံးယောက်လဲ ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ဒဏ်ရာပြင်းထန်တဲ့အတွက် ဆေးရုံကို ပို့ဆောင်ပြီး ကျန်းမာရေး စောင့်ရှောက်မှုတွေ ပြုလုပ်ပေးနေပါတယ်။ ထိခိုက်ဒဏ်ရာ ရရှိသူတွေအနေနဲ့ကလဲ လေဆင်နှာမောင်း ရုတ်တရက် တိုက်ခတ်လာပြီး ပြင်ဆင်ချိန်မရခဲ့လို့ အခုလို ဒဏ်ရာရတဲ့အခြေအနေမျိုးနဲ့ ရင်ဆိုင်ခဲ့ရတာပါ" ဟု ကနေဒါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုမှုများဖြစ်ပွားသဖြင့် လူခုနစ်ဦးသေဆုံး

**ဒါကာ ဇူလိုင် ၁၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဇူလိုင် ၉ ရက်က မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုမှုများဖြစ်ပွားသဖြင့် လူခုနစ်ဦး သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြေပြိုမှုများကြောင့် နေအိမ်အများအပြား ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ဒေသခံအရာရှိတစ်ဦး၏ ပြောကြားချက်အရ ဇူလိုင် ၉ ရက်က မြို့တော်ဒါကာ၏အရှေ့တောင်ဘက် ၃၁၆ ကီလိုမီတာခန့်အကွာရှိ ဘန်ဒါဘန်ခရိုင်၌ မြေပြိုမှုနှစ်ကြိမ် ဆက်တိုက်ဖြစ်ပွားခဲ့ပြီး လူငါးဦး သေဆုံးခဲ့ကြောင်း၊ ထို့ပြင် ဒါကာမြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၄၀၀ ခန့်အကွာရှိ ကော့စ်ဘဇားခရိုင်တွင် မြေပြိုမှုဖြစ်ပွားခဲ့ပြီး ကလေးငယ်နှစ်ဦး သေဆုံးခဲ့ကြောင်း၊ ကလေးနှစ်ဦး၏ ရုပ်အလောင်းများကို အပျက်အစီးများကြားမှ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများကြား ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နိုင်သည့်အတွက် တောင်ကုန်းဒေသများတွင် နေထိုင်သူများကို ဘေးကင်းလုံခြုံရာသို့ ပြောင်းရွှေ့နေထိုင်ကြရန်နှင့် မြေပြိုမှုများ ထပ်မံဖြစ်လာနိုင်သဖြင့် အထူးသတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# စပိန်နိုင်ငံတောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး ဒေသခံ ၁၂ ဦးသေဆုံး

**မက်ဒရစ် ဇူလိုင် ၁၀**

စပိန်နိုင်ငံတောင်ဘက်ပိုင်း အယ်မာရီးယားဒေသတွင်တောမီး လောင်ကျွမ်းမှု ဖြစ်ပွားနေပြီး လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် ဒေသခံ ၁၂ ဦးသေဆုံးခဲ့ကြောင်း စပိန်မီးသတ်တပ်ဖွဲ့က အတည်ပြုသွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သေဆုံးသူ ၁၂ ဦးအနက် ခြောက်ဦးမှာ လူနေအိမ်များကို တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး ကျန်ဒေသခံများမှာ မော်တော်ယာဉ်အတွင်း ပိတ်မိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ခြောက်ဦးထက်မနည်းရှိနေကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၁၅၀ ထိ အသုံးပြုထားပြီး မီးသတ်ယာဉ်များ အမြောက်အမြားသုံးစွဲနေသကဲ့သို့ လေကြောင်းအကူအညီကိုပါ ရယူထားကြောင်း၊ လူနေအိမ်များဆီသို့ ကူးစက်နေသော တောမီးကို မြေပြင်မှငြိမ်းသတ်ပေးနေသကဲ့သို့ လေကြောင်းအကူအညီဖြင့်လည်း ငြိမ်းသတ်ပေးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ဝန်ထမ်းများနှင့်အတူ စပိန်တပ်မတော် အရေးပေါ်တပ်ဖွဲ့ (UME)မှ တပ်မတော်သားများကလည်း ပူးပေါင်းကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

"အယ်မာရီးယားဒေသမှာ တောမီး ကူးစက်လောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၁၂ ယောက်ရှိပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ ခြောက်ယောက်ရှိခဲ့ပါတယ်။ သေဆုံးသူတွေရဲ့ မိသားစုတွေနဲ့အတူ ထပ်တူဝမ်းနည်းရပါတယ်" ဟု အယ်မာရီးယားဒေသအာဏာပိုင် အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျူအန်မာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## ဝမ်းနည်းကြေကွဲခြင်း

စည်သူဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊
အမျိုးသားစာပေတစ်သက်တာဆု (၂၀၂၁ ခုနှစ်)နှင့်
အမျိုးသားစာပေဆုရှင်

### ဆရာမကြီး ဒေါက်တာ မတင်ဝင်း

အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးတင်သိန်း)၏ ချစ်လှစွာသောဇနီး ဆရာမကြီး ဒေါက်တာ မတင်ဝင်းသည် ၁၀-၇-၂၀၂၆ ရက် (သောကြာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ်တွားသွားပြီးထွက်ခွာပါ။ (ကြမ်းပြင်ပေါ် တွားသွားခြင်းဖြင့် အောက်စီဂျင် ပြတ်လပ် ခြင်းကို ကာကွယ်နိုင်ပြီး ရှေ့မြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ဓာတ်လှေကားကို မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၆၁၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တန့်ဆည် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၈၆၁၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် စပါး ၉၃၃၅၂ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၆၁၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ စပါးကေ ၉၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၈၆၁၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## ရမည်းသင်းမြို့နယ် ကန်မြင့်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရမည်းသင်း ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်မြင့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ရှိသူများက ကန်မြင့်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

အဆိုပါ ကန်မြင့်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ဖြင့် ကျေးရွာမှရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ တပင်ရွှေထီးလမ်းနှင့် စက်မှုပတ်လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ လူနေရပ်ကွက်အမှတ်-ဝါးတစ်ရာစက်မှုဇုန်၊ မြေကွက်အမှတ်(၃၄၁၊ ၃၄၂)၊ အကျယ်အဝန်း(၇.၂၅၂)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC (၂)ထပ်အဆောက်အဦး (၁)လုံး၊ (၁)ထပ် ရုံးခန်းအဆောက်အဦး (၁)လုံး၊ 500 KV (၁)လုံး၊ 315 KV (၁)လုံး၊ အဝီစိရေတွင်း (၂)တွင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဒေါ်နန်းလှစိန် (၉/မရမ(နိုင်)၀၇၈၀၁၄)ထံမှ ဖော်ပြပါပစ္စည်းကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်မင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်ခိုင်ငြိမ်းဆွေ(**LL.B**) ဒေါ်မေဝင်းမော်(**LL.B**)

စဉ်-၁၁၄၄၅/၂၀၁၆ စဉ်-၁၃၇၂၈/၂၀၁၇

တရားလွှတ်တော်ရှေ့နေများ

အမှတ်-၄၀၅၊ (၆)လမ်း၊ အပိုင်း(၃)၊ ငမိုးရိပ်ရပ်ကွက်၊

သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၄၄၈၀၂၀၀၄၃

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာဂန္ဓာရုံ အမှတ်(၁)ဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း(ခွဲ)၊ Grade-2 တွင် ပညာသင်ကြားလျက်ရှိသော မောင်ခန့်ထည်ဝါအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးတူးနိုင်** ဖြစ်ပါကြောင်း။ **ဦးတူးနိုင်(၉/သေရ(နိုင်)၀၀၂၅၄၁)**

## အမည်မှန်

စစ်ကိုင်းမြို့၊ မြေဝတီရပ်ကွက်၊ နယ်မြေ(၆)တွင် နေထိုင်သည့် (ဘ) ဦးမင်းခန့်ဖြိုး(၅/စကန(နိုင်)၂၆၇၂၅၁) (မိခင်) ဒေါ်ခြိမ့်ခြိမ့်လွန်း(၅/စကန(နိုင်)၂၅၃၅၇၃)တို့၏ သမီး မခေးခန့်ရှိန်း၏အမည်မှန်မှာ **မငြိမ်းသဇင်သန့်** ဖြစ်ပါကြောင်း။ **မငြိမ်းသဇင်သန့်**

## ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ ပုသိမ်ကြီးအထကကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မခင်ချစ်လင်း၏ဖခင်အမည်မှန်မှာ **ဦးကိုကိုလတ်** ဖြစ်ပါကြောင်း။

**ဦးကိုကိုလတ်(၉/ပသက(နိုင်)၀၆၄၀၄၇)**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ဇေယျာကျောင်း၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်စည်ဖြိုးအောင်၏ဖခင်အမည်မှန်မှာ **ဦးမျိုးကျော်ထွန်း** ဖြစ်ပါကြောင်း။ **ဦးမျိုးကျော်ထွန်း(၅/စကန(နိုင်)၂၄၁၆၀၆)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ Grade-2 တွင် ပညာသင်ကြားခဲ့သော မောင်ဘုန်းမြတ်မင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအရ **ဦးကျော်ကျော်စိုး** ဖြစ်ပါကြောင်း။ **ဦးကျော်ကျော်စိုး(၉/ပကခ(နိုင်)၀၁၆၆၀၀)**

**သစ်တော**
**မှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

**အဖိုးတန်ရေချိုကို ချွေတာပါ**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၁၀

ကေဗွီ ၂၃၀ ကွန်း-သာယာကုန်းဓာတ်အားလိုင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့အတွင်းရှိ ခရိုင်၊မြို့ဧရိယာများတွင် စဉ်ဆက်မပြတ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသည့် ဓာတ်အားလိုင်းဖြစ်ပြီး ကျောက်တံခါးမြို့နယ် သာယာကုန်းခွဲရုံအနီး တာဝါတိုင်အမှတ် (၁၂၉)မှ (၁၃၆)အကြားတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက မလိုလားအပ်သည့် ဓာတ်အားပြတ်တောက်မှုများလျော့နည်းပြီး ဓာတ်အားလွှတ်စက်ပစ္စည်းများထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် အထက်ဖော်ပြပါလုပ်ငန်းများကို ဇူလိုင် ၁၁ ရက်(စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၄ ☆




ကေဗွီ ၂၃၀ ကွန်း - သာယာကုန်းဓာတ်အားလိုင်းတာဝါတိုင်အမှတ်(၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၆) Tension တိုင်များတွင် Jumper Connection Bolts & Nuts များ သံချေးစားနေသည်ကို စစ်ဆေးတွေ့ရှိရမှု မှတ်တမ်းဓာတ်ပုံ။

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ရွှေကျင်မြို့၊ မဒေါက်မြို့တို့တွင် မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၀

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။



## စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၄၆၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စာမျက်နှာ - ၅

## မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၈)တွင် ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ


ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲများရရှိခဲ့ကြကြောင်း သိရသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ●



ချင်းလန်းအက်ဖ်စီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ရှစ်ထပ်အဆောက်အအုံကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ရှစ်ထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင် လူနေအဆောက်အအုံ ၇၁ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၁၀

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ရှစ်ထပ်အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့်ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်

စာမျက်နှာ ၂၄ ကော်လံ ၁ ■

အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန် ဆက်လက်တိုက်ခိုက်

စာမျက်နှာ - ၆

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းကို အနိုင်ရပြီး ပြင်သစ်အသင်း ဆီမီးဖိုင်နယ်အဆင့်သို့ သုံးကြိမ်ဆက် တက်ရောက်နိုင်ခဲ့

စာမျက်နှာ - ၈